ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ (12-2-2008) (၅၅၉၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိကျခိုင်မာစွာချမှတ်ကာ သန္နိဋ္ဌာန်စိတ်ဖြင့် လျှောက်လှမ်းလျက်ရှိ ပြည်ဖျက်တိုင်းဖျက် အနှောင့်အယှက်လုပ်ငန်းများအား တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တွန်းလှန်ကာကွယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများခင်ဗျား–

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားများ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ဥမကွဲသိုက်မပျက် အတူတကွ ပေါင်းစည်းနေထိုင်ကြသော နိုင်ငံဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားများသည် အဆင့်အတန်းမြင့်မားသည့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို သားစဉ်မြေးဆက် မြတ်နိုးခုံမင်စွာ ထိန်းသိမ်းရင်း ပြည်ထောင်စု၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် မဆုတ်မနစ် ကာကွယ်စောင့်ရှောက်ခဲ့ကြပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှု ကာလများအတွင်း တိုင်းရင်းသားများ၏ ပြောင်မြောက်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲများသည် သမိုင်း၌ ထင်ရှားခဲ့ပါသည်။ ထိုသို့ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်ပြသနိုင်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့ပါသည်။

လွတ်လပ်ရေးရပြီးနောက်တွင် ကိုလိုနီနယ်ချဲ့အစိုးရ၏ သွေးခွဲအုပ်ချုပ်မှု၊ ဖိနှိပ်သွေးစုပ်မှု ဒဏ်ရာဒဏ်ချက်များကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ အစိုးရအဆက်ဆက်တို့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရပါသည်။

ယနေ့ကာလတွင် အတိတ်ဖြစ်ရပ်များကို သင်ခန်းစာယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ခိုင်မာစွာ တည်ဆောက်လျက်ရှိပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံတော် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✭

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့တွင် မြို့အင်္ဂါရပ်နှင့်အညီ ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ လိုက်ပါ၍ ယနေ့ နံနက် ၇ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၅)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် စည်ပင်လမ်းထောင့်၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

ခက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်/ဂျိုးဖြူ ရေပိုက်လိုင်း ဖွင့်ပွဲတွင် ရေတွန်းစက်ရုံရှိ ကမ္ပည်းမော်ကွန်းကို ခက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၂-၂-၂၀၀၈
(အင်္ဂါနေ့)

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု ညီနောင်သွေးရင်းသားချင်း လက်တွဲ ခိုင်ခိုင်မြဲစေ

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့(ယနေ့)သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။

ပြည်ထောင်စုဖွား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် တိုင်းရင်းသားများနှင့် တိုင်းရင်းသား မျိုးနွယ်စုများ ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုကြီးတွင် စည်းလုံးညီညွတ်ခြင်း၏ အကျိုးတရားအနှစ်သာရများ တိုးပွားဝေစည် ဖြစ်တည်လာခဲ့ကြသည်မှာ ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့ကာလအထိဖြစ်သည်။

တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာဒေသအလိုက် ပြောဆိုသော ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုများ မတူညီကြသော်လည်း အညှာတစ်ခုတည်းမှ သီးပွင့်ပေါက်ဖွားခဲ့ကြသည့် သွေးရင်းသားချင်းများသာ ဖြစ်ကြသည်။ ဘေးဘိုးစဉ်ဆက် ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုကြီးကို ဆက်လက်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေးသည် ယနေ့မျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်ပင် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ကိုက်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲမည့် ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစသည့် အခြေခံကောင်းများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတွင် မည်သည့်စနစ်ကိုပင် ကျင့်သုံးသည်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံရမည်ဖြစ်ရာ ယခုအခါ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပခြင်းစသည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကျင်းပသွားမည်ဖြစ်သည်။

တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက စည်းလုံးညီညွတ်မှု အစဉ်အလာကောင်း၊ အခြေခံကောင်း အနှစ်သာရများဖြင့် ပြည့်စုံနေသည့် ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက်စေရေး အလေးထားပြီး အမျိုးသားရေးတာဝန်များကို ခိုင်ခိုင်မြဲမြဲ လက်တွဲကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် ပြည်ထောင်စုတစ်ရပ်လုံး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးဝေစည် ထာဝစဉ်တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် အောင်သဇင် ဗိုလ်ချုပ်လမ်းနေ ဦးဉာဏ်ထွန်း-ဒေါ်ခင်ရွှေ မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကျော်ဦး လက်ခံယူစဉ်။ (ကြေးမုံ)

လုံးတော်ပြည့် ရွှေသင်္ကန်းကပ် အလှူမင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ရောင်တော်ပွင့်စေတီညီနောင်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ စေတီရံရှစ်ဆူအား အနေကဇာတင်ခြင်း၊ စေတီတော်မုခ်ဦး တည်ဆောက်လှူဒါန်းခြင်း၊ ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ ခေမာစာရအား သိက္ခာထပ်မင်္ဂလာနှင့် ဓမ္မာသနပလ္လင်လှူဒါန်းခြင်း၊ ကျောင်းတိုက်အတွင်း တည်ဆောက်ဆဲ ဓမ္မသာလ သပြေဗိမာန် သုံးထပ်ကျောင်းကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခြင်း၊ ဖေဖော်ဝါရီ ၁၀ ရက် တစ်နေ့တာအတွက် သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ အလှူရှင် ပုဇွန်တောင်မြို့နယ် ဈေးလမ်း အမှတ်(၄) အလှူဒါယကာများဖြစ်ကြသော ဦးစိန်ဝင်း-ဒေါ်ကျင်အေး (ဝင်းရာဇာ ဆန်ရောင်းဝယ်ရေး) မိသားစုတို့က ရေစက်သွန်းချ အမျှဝေကြောင်း သိရသည်။ (က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ခရမ်းမြို့နယ် ကမာမတ်စံပြကျေးရွာဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို၍ ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကမာမတ်စံပြကျေးရွာဖွင့်ပွဲ၊ စပါးခွဲလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများကို ယမန်နေ့ နံနက်ပိုင်းတွင် ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် ခရမ်းမြို့နယ် ကမာမတ်စံပြကျေးရွာ ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်တို့က စံပြကျေးရွာ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကမာမတ်စံပြကျေးရွာ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်းက ဓာတ်အားပေးစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်က ဓာတ်အားပေးစက်ကို Breaker နှိပ်၍ မောင်းနှင်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကမာမတ်စံပြကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေး၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ကျေးရွာဆက်သွယ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ကမာမတ် တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ဆေးရုံတက် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ ခရမ်းမြို့နယ် ကမာမတ်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ရောဝတီကျောင်းဆောင်သစ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကမာမတ်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ရောဝတီ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ကြပြီး တိုင်းမှူး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် အလှူရှင် ဦးဝင်းကြိုင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

သန့်-တည်-ပွားအဖွဲ့ သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား) အဖွဲ့သည် ကိုးရက်အဓိဋ္ဌာန် တရားစခန်းများကို ရန်ကုန်တိုင်း၊ ငါးဆူတောင်ကျေးရွာ (၅) ရပ်ကွက်ရှိ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံ၌ တစ်လလျှင် သုံးကြိမ် ဖွင့်လှစ်ပေးလျက်ရှိသည်။

သင်္ကြန် ကိုးရက်အဓိဋ္ဌာန် တရားစခန်းကို လာမည့် ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိ စခန်းဝင်ယောဂီ ဦးရေ ကန့်သတ်၍ ဖွင့်လှစ်မည်ဖြစ်ရာ ယင်းအဓိဋ္ဌာန် တရားစခန်းသို့ ဝင်ရောက်လိုသူ ယောဂီများသည် ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ရုံးအဖွဲ့ ဖုန်း-၀၁-၇၂၇၂၂၃ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက်တွင် နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုအတွင်းရေးမှူး (လူငယ်ရေးရာတာဝန်ခံ) ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေနှင့် ဒေါက်တာ ချမ်းငြိမ်းတို့က ဆွေးနွေးမှာကြားကြသည်။**

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများမှ လူငယ်ရေးရာတာဝန်ခံများက ပြည်နယ်နှင့် တိုင်းအလိုက် လူငယ်ရေးရာ လုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စစ်ကိုင်းတိုင်း လူငယ်ရေးရာတာဝန်ခံက မိုးယံမှကြယ်ခရီးစဉ် အမှတ်(၂)အဖြစ် နာဂတောင်တန်းသို့ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး သွားရောက်ခဲ့သော ခရီးစဉ်ကိုလည်းကောင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ပြည်နယ်အတွင်းရေးမှူးများက လာမည့်နွေရာသီတွင် ဆောင်ရွက်မည့် ခရီးစဉ်များ၏ အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး (လူငယ်ရေးရာတာဝန်ခံ) နှင့် ဗဟိုအလုပ်အမှုဆောင်များက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြပြီး အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိဂုံးချုပ် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူဝါဒလမ်းစဉ်(၇)ရပ်အနက် တတိယအဆင့်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲသည့်အဆင့်သို့ ရောက်ရှိနေ

☆ ရှေ့ဖုံးမှ

ဦးတည်လျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းတို့ဖြင့် နိုင်ငံတော်အတွင်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တိကျခိုင်မာစွာ ချမှတ်ကာ သန္နိဋ္ဌာန်စိတ်ဖြင့် လျှောက်လှမ်းလျက်ရှိရာ မူဝါဒလမ်းစဉ်(၇)ရပ်အနက် တတိယအဆင့်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ယင်းသို့သော အခြေအနေတွင် အဆိုးမြင်ဝါဒီများက ပြည်ထောင်စုကြီးကို အင်အားချည့်နဲ့ ပြိုကွဲစေရန် သပ်လျှိုသွေးခွဲခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ သွေးထိုးမြှောက်ပင့်ခြင်းတို့ကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ရုံသာမက ပိတ်ဆို့ဟန့်တားမှု အဖုံဖုံတို့ဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးအောင်ပြုလုပ်လျက်ရှိပါသည်။

ထိုကဲ့သို့ပြည်ထောင်စုကြီးအပေါ် အဘက်ဘက်မှ ဆုတ်ယုတ်ကျဆင်းစေမည့် ပြည်ဖျက် တိုင်းဖျက်၊ အနှောင့်အယှက်လုပ်ငန်းများအား တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တွန်းလှန်ကာကွယ်လျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက်–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

ဟူသော ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

အကာလမပစ်က အနှစ်မရနိုင်

အနှစ်မရှိသော ကာမဂုဏ်ကိလေသာတို့ကို အနှစ်ဟု မှတ်ထင် တွယ်ကပ်နေပြီး အနှစ် အစစ်အမှန်ဖြစ်သော သူတော်ကောင်းတရားတို့ကို အကာဟု ထင်မှတ်ကာ ပစ်ပယ်ကြသူများသည် သီလ စသော ဂုဏ်ကျေးဇူးအနှစ် အစစ်အမှန်တို့ကို မရနိုင်ကြကုန်။

(ဓမ္မပဒ ၁၁)

ပင်လုံသစ္စာ

* ဒို့သွေးချင်းများပေါင်းစည်းဆုံ
ရှမ်းပြည်နယ်မှမြို့ပင်လုံ၊
မေတ္တာရှိ သစ္စာပြု
ဖွဲ့စည်းပြည်ထောင်စု။

* ယုယမြတ်နိုးထိန်းသိမ်းပါ
ကမ္ဘာတည်အောင်သာ၊
စည်းလုံးခိုင်မာသတ္တိပြ
ပေါင်းစည်းကာကွယ်ကြ။

* သွေးခွဲကြတဲ့ နယ်ချဲ့အကြံ
ဒို့များလက်မခံ၊
နိုင်ငံပြည်ခွင်သာယာရေး
ညီညာကြိုးပမ်း ကြစို့လေး။

[(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်]

သူရအောင်(ဥပဒေ)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် တာဝန်ရှိသူများလိုက်ပါပြီး အဖွဲ့များခွဲကာ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သစ်တောသုတေသနဌာနတို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှေးဦးစွာ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးလွင်ထွန်းက လေ့လာရေး အထိမ်းအမှတ်အလံကို ညွှန်ကြားရေးမှူးချုပ်အား ပေးအပ်ပြီး ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် စိုက်ပျိုးရေး သုတေသနဦးစီးဌာန အတွင်းရှိ ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့အတူ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့သွားရောက်လေ့လာကြရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တာဝန်ရှိသူများက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး လေ့လာရေးအဖွဲ့ဝင်များသည် ဇီဝကမ္မနှင့် ဇီဝဓာတုဗေဒဌာနတို့သို့ ကြည့်ရှုလေ့လာကြသည်။

အလားတူ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် သစ်တောဦးစီးဌာန သစ်တော သုတေသနဌာနသို့ရောက်ရှိကြရာ သစ်တောသုတေသနစုဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးထွန်းပေါ်ဦးက သစ်တောသုတေသနဌာန သမိုင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် သစ်တောသုတေသနဌာန၏ လူအသုံးနည်းသစ်အသုံးချရေးပြခန်း၊ ပန်းပုံစံပြခန်း၊ ဝါးပြခန်းနှင့် ပရဆေးဥယျာဉ်တို့ကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်မည့် ပြည်နယ်နှင့် တိုင်း အသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော် ရေဆင်းတက္ကသိုလ် နယ်မြေတွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)



အတ္တလန္တိတ် လွန်းပြန်ယာဉ်နှင့် အာကာသစခန်းယာဉ် အိုင်အက်စ်အက်စ်တို့ ချိတ်ဆက်မိသည်ကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အတ္တလန္တိတ်လွန်းပြန်ယာဉ်နှင့် အာကာသစခန်းယာဉ်ချိတ်ဆက်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

အတ္တလန္တိတ်လွန်းပြန်ယာဉ်သည် ဖေဖော်ဝါရီ ၉ ရက်က အာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)နှင့် အောင်မြင်စွာ ချိတ်ဆက်လိုက်ပြီဖြစ်၍ အာကာသယာဉ်မှူးများသည် ကိုလမ်ဘတ်အာကာသ ဓာတ်ခွဲခန်းကို တပ်ဆင်နိုင်ရန် လုပ်ငန်းများ စတင်ဆောင်ရွက်ကြမည် ဖြစ်သည်။

ချိတ်ဆက်မှုဖြစ်စဉ်ကို ပစ္စိဖိတ် သမုဒ္ဒရာ ရေပြင်အထက် ၃၄၂ ကီလိုမီတာအမြင့်ရှိ အာကာသဟင်းလင်းပြင်၌ ကမ္ဘာ့စံတော်ချိန် ၁၇း၁၇ နာရီ အချိန်တွင် ပြုလုပ်ခြင်းဖြစ်သည်။

အတ္တလန္တိတ် လွန်းပြန်ယာဉ် လွှတ်တင်ရေး အစီအစဉ်သည် နှစ်လတာ ကာလအတွင်း အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရပြီးမှ ဖေဖော်ဝါရီ ၇ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ထိုယာဉ်သည် ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ထွက်ခွာလာခြင်းဖြစ်သည်။

လွန်းပြန်ယာဉ်သည် အိုင်အက်စ်အက်စ်တွင် တပ်ဆင်မည့် ဥရောပ အာကာသအေဂျင်စီ၏ ကိုလမ်ဘတ် ဓာတ်ခွဲခန်းကို သယ်ဆောင်သွားသည်။ အချိန် ၁၁ ရက်ကြာမည့် ယခုခရီးစဉ်တွင် အာကာသ၌ ထွက်၍ အလုပ်လုပ်သည့် အစီအစဉ်ကို သုံးကြိမ်ပြုလုပ်ကာဓာတ်ခွဲခန်းယာဉ်ကို တပ်ဆင်ကြမည်ဖြစ်သည်။ ဓာတ်ခွဲခန်းသည် ၁၀ ဒသမ ၃ တန်လေးသည့် ထုလုံးရှည်ပုံသဏ္ဌာန်ရှိ ယာဉ်ဖြစ်ပြီး တည်ဆောက်စရိတ် အမေရိကန် ဒေါ်လာ သန်း ၂၀၀၀ ကုန်ကျကာ အာကာသတွင်း၌ ခုနစ်နှစ်ကျော် နေနိုင်အောင် စီမံထားခြင်းဖြစ်သည်။

အင်တာနက်။

အကျဉ်းသားသုံးဦးအား ရေမွန်းအောင်ပြုလုပ်၍ စစ်ဆေးခဲ့ဟု စီအိုင်အေညွှန်ကြားရေးမှူး ကွန်ဂရက်ရှေ့မှောက်၌ ဝန်ခံပြောကြား

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၀

အမေရိကန် ထောက်လှမ်းရေး အေဂျင်စီက ကျင့်သုံးသည့် အကျဉ်းသားအား ရေမွန်းအောင်ပြုလုပ်၍ စစ်ဆေးသောနည်းသည် ညှဉ်းပန်းနှိပ်စက်သည့် စစ်ဆေးသောနည်းများတွင် အကျုံးဝင်သည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် အကြီးအကဲက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားသည်။

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အကြီးအကဲ လူဝစ်အာဘောက အထက်ပါအတိုင်း ပြောကြားသွားခြင်း ဖြစ်သည်။

အမေရိကန်ဗဟို ထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)သည် စက်တင်ဘာ ၁၁ ရက် အဖြစ်အပျက် နောက်ပိုင်း ဖမ်းဆီးထားသော မသင်္ကာဖွယ်ရာ အကျဉ်းသား သုံးဦးကို စစ်ဆေးရာ၌ ရေမွန်းအောင်ပြု၍ စစ်ဆေးနည်းကို အသုံးပြုခဲ့သည်။ ထိုသို့ ကျင့်သုံးခဲ့ကြောင်းကို အမေရိကန်ကွန်ဂရက်အဖွဲ့၏ ရှေ့မှောက်၌ စီအိုင်အေညွှန်ကြားရေးမှူး မိုက်ကယ်ဟေဒင်က ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။

ဖော်ပြပါအချက်ကို ရည်ညွှန်း၍ ပြောကြားရာ၌ အဆိုပါစစ်ဆေးနည်းသည် နှိပ်စက်ညှဉ်းပန်းသောနည်း ဖြစ်သည်ဟု ဖော်ပြရန် မိမိဝန်မလေးကြောင်း၊ ယင်းသို့ ကျင့်သုံးခြင်းသည် ကုလသမဂ္ဂ ကွန်ဗင်းရှင်းကို ဖောက်ဖျက်ခြင်းဖြစ်၍ အပြည်ပြည်ဆိုင်ရာ ခုံရုံးမှ စစ်ဆေးသင့်သည်ဟု ကော်မရှင် အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကြေးမုံ
The Mirror
နိုင်ငံတကာသတင်းများ

ဂါဇာကို အစ္စရေးက လေကြောင်းမှ တိုက်ခိုက်

ဂါဇာ ဖေဖော်ဝါရီ ၁၀

အစ္စရေးလေယာဉ်များသည် ဂါဇာဒေသကို ဖေဖော်ဝါရီ ၉ ရက် ညသန်းခေါင်ခန့်တွင် တိုက်ခိုက်ရာ ဟားမတ်စ်စစ်သွေးကြွတစ်ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာ ရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးဝန်ထမ်းများက ပြောကြားသည်။

အစ္စရေးနိုင်ငံတောင်ပိုင်းရှိ မြို့ရွာများကို စစ်သွေးကြွအုပ်စုများက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်အစ္စရေးလေတပ်ဖွဲ့ကယင်းသို့ တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်း စစ်သွေးကြွများ ပစ်ခတ်သော ဒုံးကျည်များ အစ္စရေးတောင်ပိုင်းရှိ ဆဒါရွတ်မြို့တွင် ကျရောက် ပေါက်ကွဲသည့်အတွက် ကလေးတစ်ဦးအပါအဝင် နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အစ္စရေး ရေဒီယိုက ကြေညာသည်။

ဂါဇာစီးတီးမြို့ရှိ ပန်းပဲလုပ်ငန်းရှိရာ နေရာကို အက်ဖ်–၁၆ တိုက်လေယာဉ်တစ်စင်းက ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ပြီးနောက် ပေါက်ကွဲသံကြီးကို ကြားခဲ့ရကြောင်း ကိုယ်တွေ့ကြုံသူတစ်ဦးက ပြောကြားသည်။ ထို့နောက် အခင်းဖြစ်ပွားရာ နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များနှင့် မီးသတ်သမားများ သွားရောက်ကူညီခဲ့ကြသည်။

အရေးပေါ်သူနာပြုအဖွဲ့ခေါင်းဆောင် အိုဂီယာဟာဆန်နီ၏ ပြောကြားချက်အရ အဆောက်အအုံမှာ ဆိုးရွားစွာ ပျက်စီးသွားပြီး ရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အင်တာနက်။

အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဂါဇာဒေသမှ အဆောက် အအုံ အချို့ကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အရေးပါသော ရွှေတွင်းငါးခု ၂၀၀၇ခုနှစ်တွင် တရုတ်၌ ရှာဖွေတွေ့ရှိ

ပေကျင်း ဖေဖော်ဝါရီ ၁၀

တရုတ်နိုင်ငံအတွင်း ၂၀၀၇ ခုနှစ်၌ အရေးပါသော ရွှေတွင်းငါးခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တရုတ် ဘူမိတိုင်းတာရေးဗျူရို(စီဂျီအက်စ်)က ဖေဖော်ဝါရီ ၈ ရက်တွင် ကြေညာသည်။

ထိုရွှေတွင်း ငါးခုမှာ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဂန်တိုက်ရွှေနှင့်ကြေးနီသိုက်၊ ကျင်ဟိုင်းပြည်နယ်ရှိ ဒါချန်ရွှေသိုက်၊ တောင်ပိုင်းဂန်စုပြည်နယ်ရှိ ယန်ရှန်ရွှေသိုက်၊ ရှန်ဒေါင်းပြည်နယ်ရှိ ဆီဆောင်ရွှေသိုက်နှင့် ဟိုင်နန်ပြည်နယ်ရှိ ဘိုလန်ရွှေသိုက်တို့ ဖြစ်သည်။

<u>တန် ၆၀၀ ရှိ</u>

ထိုမျှသာမက သွပ်နှင့်ခဲသိုက်များ ရှာဖွေရာ၌လည်း ရွှေသတ္တုကို တွဲ၍ တူးဖော်နိုင်ကြောင်း သိရသည်။ ရှာဖွေတွေ့ရှိထားသော ရွှေတွင်းငါးခုမှ တူးဖော်ရရှိနိုင်မည့် ရွှေပမာဏသည် တန် ၆၀၀ ရှိမည်ဖြစ်ပြီး နိုင်ငံတွင်း၌ နောက်ထပ် ရွှေသိုက်များတွေ့ရှိရန် အလားအလာများ ရှိနေသည်ဟု စီဂျီအက်စ်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းနိုင်ငံသို့ မေလမတိုင်မီ သက်ဆင် ပြန်လာနိုင်ဟုဆို

ဗန်ကောက် ဖေဖော်ဝါရီ ၁၀

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် မေလမတိုင်မီ ထိုင်းနိုင်ငံသို့ ပြန်လည်လာရောက်နိုင်သည်ဟု နိုင်ငံခြားရေးဝန်ကြီး နပါဒါလ်ပတ္တမာက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားသည်။

ယခုအခါ နိုင်ငံတွင်း၌ ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများသည် အကောင်းဘက်သို့ ရောက်နေပြီဖြစ်၍ ဝန်ကြီးချုပ်ဟောင်းအနေဖြင့် အမြန်ဆုံး ပြန်လာသင့်ကြောင်း မိမိအကြံပြုသည်ဟု နပါဒါလ်က ပြောကြားသည်။

ထို့အပြင် သက်ဆင်ပြန်လည်ရောက်ရှိလာသောအခါ နိုင်ငံ၌ ကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းရန် အကြံဉာဏ်ရယူသွားမည် ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

သက်ဆင် ပြန်လာမည်ဆိုလျှင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် လုံခြုံရေးကိစ္စများကို ကြိုတင်ဆွေးနွေးထားကြရမည်ဖြစ်ကြောင်း တရားရေးဝန်ကြီး စောင်ပေါင်အမ်မော်ဝိဝတ်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ အရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် အအေးဓာတ်လွန်ကဲမှုကြောင့် ဟူအန်ရှန်တောင်ရေတံခွန်၌ ရေများခဲနေသည်ကို ဖေဖော်ဝါရီ ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

သီရိလင်္ကာမြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွား သူပုန် ၄၄ဦး သေဆုံးဟု စစ်ဘက်က ဖော်ပြ

ကိုလမ်ဘို ဖေဖော်ဝါရီ ၁၀

သီရိလင်္ကာနိုင်ငံ၏ မြောက်ပိုင်း၌ ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်များတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း သေဆုံးရသော သူပုန်ဦးရေသည် ၄၄ ဦးရှိသွားပြီဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာမှလာသော သတင်းက ဖော်ပြသည်။

သူပုန်တပ်ဖွဲ့များနှင့် အစိုးရတပ်ဖွဲ့များအကြား ပိုင်းခြားထားသည့် မြောက်ပိုင်းဒေသ နယ်မြေအနီး၌ ဖေဖော်ဝါရီ ၈ ရက်က တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ သီရိလင်္ကာတွင် သီးခြားလွတ်လပ်သော နယ်မြေထူထောင်နိုင်ရန်အတွက် သူပုန်များ ကြိုးပမ်းနေသည်မှာ ၂၅ နှစ်ရှိသွားပြီ ဖြစ်သည်။

ဂျက်ဖနာကျွန်းဆွယ်ဒေသ ဘာဘူးနီးယားနှင့်မန်နာအရပ်များတွင် သောကြာနေ့က ဖြစ်ပွားသော တိုက်ပွဲ၌ အနည်းဆုံး ကျားသူပုန် ၂၉ဦး သေဆုံးသွားကြောင်း အမည်မဖော်လိုသော စစ်ဘက်အရာရှိ တစ်ဦးက ပြောကြားသည်။ အစိုးရတပ်ဖွဲ့များသည် သူပုန်များကို မြောက်ပိုင်းအမာခံနယ်မြေများမှ မောင်းထုတ်ပြီး တိုက်ပွဲများကို အဆုံးသတ်နိုင်ရန် ကြိုးစားလျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

နှစ် ၆၁၀ သက်တမ်းရှိ ကိုရီးယားယဉ်ကျေးမှုအမွေအနှစ် ဆိုးလ်မြို့လယ်ရှိ သမိုင်းဝင်မုခ်ဦးကြီး မီးလောင်ပျက်စီး

ဆိုးလ် ဖေဖော်ဝါရီ ၁၁

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့လယ်ရှိ နှစ်ပေါင်း ၆၁၀ ကျော် သက်တမ်းရှိ အဖိုးတန်သမိုင်းဝင် အနုပညာလက်ရာ အမွေအနှစ်ဖြစ်သော ဆောင်ယီမန်မုခ်ဦးသည် ဖေဖော်ဝါရီ ၁၀ရက် ညပိုင်းက မီးလောင်မှုကြောင့် ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါအဆောက်အအုံကို ဖေဖော်ဝါရီ ၁၀ရက်က မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးမှာလေးနာရီကျော်ကြာ လောင်ကျွမ်းပြီးနောက် ငြိမ်းသွားသည်။

တောင်ဘက်ဝင်ပေါက်

ဆောင်ယီမန်မုခ်ဦးသည် ဂျိုဆောင်မင်းဆက် ၁၄ရာစုနှစ်အတွင်းက တည်း ဆောက်ခဲ့သည့် ဆိုးလ်မြို့၏ တောင်ဘက် ဝင်ပေါက်ဖြစ်သည်။ ဘုရင်တေဂျိုလက်ထက် ၁၃၉၅ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၃၉၈ ခုနှစ်တွင်ပြီးစီးခဲ့သည်။

အမွေအနှစ်အမှတ်(၁)

အဆိုပါ သစ်သားအဆောက်အအုံ မုခ်ဦးကြီးကို ၁၉၆၂ခုနှစ်မှစ၍ အမျိုးသားယဉ်ကျေးမှု အမွေအနှစ် အမှတ်(၁)အဖြစ် သတ်မှတ်ခဲ့သည်။

ယင်းမီးလောင်မှုမှာ မည်သည့်အကြောင်းကြောင့်ဖြစ်ရသည်ကို စုံစမ်းလျက်ရှိသည်။ မီးမလောင်မီအချိန်အတွင်း အသက် ၅၀ အရွယ်ခန့်ရှိ လူတစ်ဦး ထိုမုခ်ဦးအတွင်း ဝင်သွားသည်ကို အငှားယာဉ်မောင်းတစ်ဦးက မြင်တွေ့လိုက်ကြောင်း ထွက်ဆိုသွားရာ ယခုကိစ္စသည် ရှို့မီးဖြစ်နိုင်သည်ဟု ရဲကယူဆထားသည်။***အင်တာနက်။***

ရှေးဟောင်းမုခ်ဦး

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ မီးလောင်ခံရသော သမိုင်းဝင် ရှေးဟောင်း ဆောင်ယီမန်မုခ်ဦးကြီးကို မီးမလောင်မီက တွေ့ရစဉ်။ (အပေါ်ပုံ)

မီးငြိမ်းသတ်

မုခ်ဦး အဆောက်အအုံအား စွဲလောင်နေသောမီးကို မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်နေသည်ကို ဖေဖော်ဝါရီ ၁၁ရက်က တွေ့ရစဉ်။ (ဝဲပုံ)

အကြိုအခြေခံသမ္မတလောင်းရွေးပွဲ မိန်းပြည်နယ်တွင် အိုဘားမားအနိုင်ရ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

ဒီမိုကရက်တစ်ပါတီတွင်း၌ သမ္မတလောင်းအဖြစ် သတ်မှတ်နိုင်ရေးအတွက် ပြုလုပ်နေသည့် အကြိုအခြေခံ သမ္မတလောင်းရွေးပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ မိန်းပြည်နယ်၌ ပြုလုပ်သော ရွေးပွဲတွင် အီလီနွိုက်ပြည်နယ် ဆီးနိတ်အမတ် ဘာရက် အိုဘားမားက အနိုင်ရရှိသွားသည်။

လာရောက်မဲပေးသူများ၏ ၅၉ ရာခိုင်နှုန်းသည် အိုဘားမားကို မဲပေးကြပြီး ကျန် ၄၁ ရာခိုင်နှုန်းသည် ယှဉ်ပြိုင်ဘက် ဆီနိတ်တာ ဟီလာရီ ကလင်တန်ကို မဲပေးကြသည်။

ဒီမိုကရက်တစ်ပါတီမှ အဓိက ယှဉ်ပြိုင်ဘက်နှစ်ဦး ရရှိထားသော ထောက်ခံမှုအင်အားသည် မတိမ်းမယိမ်းဖြစ်နေသောကြောင့် တနင်္ဂနွေနေ့ကပြုလုပ်သည့် မိန်းဒေသရွေးချယ်ပွဲသည် ၎င်းတို့အတွက် အရေးပါသော ယှဉ်ပြိုင်မှုတစ်ခု ဖြစ်လျက်ရှိသည်။

မိန်းဒေသတွင် ဒီမိုကရက်တစ်ပါတီတွင်းမှ ကိုယ်စားလှယ်မဲ ၂၄ မဲရှိသည့်အနက် အိုဘားမားသည် ကိုယ်စားလှယ် ၁၅ မဲကို ရရှိထားသည်။ လက်ရှိအခြေအနေတွင် ဒီမိုကရက်တစ်ပါတီတွင်း ကိုယ်စားလှယ်မဲ စုစုပေါင်း ၄၀၄၅ မဲရှိသည့်အနက် အိုဘားမားသည် ၁၁၂၁မဲကို ရရှိထားပြီး ကလင်တန်က ကိုယ်စားလှယ်မဲ ၁၁၄၈ မဲရရှိထားကြောင်း သတင်းက ဖော်ပြထားသည်။ ၎င်းတို့နှစ်ဦးအနက် သမ္မတလောင်းအဖြစ် အရွေးချယ်ခံရရန် လိုအပ်သော အနည်းဆုံးကိုယ်စားလှယ် မဲအရေအတွက်သည် ၂၀၂၅ မဲဖြစ်သည်။ ယှဉ်ပြိုင်သူများသည် ယခုအခါ ကျန်အခြေခံ မဲဆန္ဒနယ်များမှ ရလဒ်များကို စောင့်ဆိုင်းလျက်ရှိသည်။

အင်တာနက်။

မိန်းဒေသ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် အနိုင်ရရှိသွားသော ဆီနိတ်တာ ဘာရက်အိုဘားမား။

(ဓာတ်ပုံ-အင်တာနက်)

အလောင်းနှင့်အတူ နှစ်ပေါင်းများစွာ နေထိုင်သူ ဗြိတိန်နိုင်ငံသား ဖမ်းဆီးခံရ

လန်ဒန် ဖေဖော်ဝါရီ ၁၁

ဗြိတိန်နိုင်ငံ ဘရစ်စတိုမြို့ရှိ တိုက်ခန်းတစ်ခန်းအတွင်း ဆိုဖာခုံပေါ်တွင် ထိုင်လျက်သေဆုံးနေသူတစ်ဦးကို တွေ့ရှိခဲ့ကြောင်း၊ ယင်းတိုက်ခန်းသည် ငှားရမ်းနေသည့် အခန်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၈ရက်တွင် ပြောကြားသည်။

နှစ်များစွာကြာ

သေဆုံးသူသည် မည်သည့်အချိန်ကတည်းက သေဆုံးနေသည်ကို မပြောနိုင်သော်လည်း သေဆုံးခဲ့သည်မှာ နှစ်များစွာရှိခဲ့ပြီဟု ယူဆရကြောင်း ထောက်လှမ်းရေးတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါအခန်း၏ ပတ်ဝန်းကျင်မှ အနံ့ဆိုးထွက်လာသဖြင့် တိုင်တန်းမှုကြောင့် ဇန်နဝါရီ ၃၀ ရက်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ထိုတိုက်ခန်းကို သွားရောက်စစ်ဆေးရာမှ အလောင်းကိုတွေ့ရှိရခြင်းဖြစ်သည်။

အာမခံဖြင့်ပြန်လွှတ်

သေဆုံးသူသည် အသက် (၇၀)ခန့်ရှိသည်ဟု ယူဆရကြောင်း၊ အသက် (၇၀)အရွယ်ရှိ အခန်းပိုင်ရှင်သည် အဆိုပါအလောင်းနှင့်အတူ နေထိုင်လျက်ရှိကြောင်းသိရသည်။ အခန်းပိုင်ရှင်ကို ဖမ်းဆီးခဲ့ပြီးနောက် အာမခံဖြင့် လွှတ်ထားကြောင်း၊ သေဆုံးနေသူသည် လုပ်ကြံမှုကြောင့် သေဆုံးရသည့် သံသယဖြစ်ဖွယ်မျိုး မတွေ့ရှိရကြောင်း သတင်း၌ ဖော်ပြသည်။

အဆိုပါအမှုကို သေမှုသေခင်း စစ်ဆေးရေးဌာနသို့ အကြောင်းကြားထားပြီး ပြန်လည်စစ်ဆေးမှုများလုပ်ဆောင်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာရေးရာသတင်းများ

အရှေ့တီမောသမ္မတ ပစ်ခတ်ခံရ၍ ဒဏ်ရာရ

ဒီလီ ဖေဖော်ဝါရီ ၁၁

အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာ၏ နေအိမ်သို့ သူပုန်များ ဝင်ရောက် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သမ္မတ၏ဝမ်းဗိုက်ကို ထိမှန်ဒဏ်ရာရရှိခဲ့ပြီး ဒီလီမြို့ရှိ ဩစတြေးလျ စစ်အခြေစိုက်စခန်း အရေးပေါ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေရကြောင်း သမ္မတ၏ အကြံပေးအရာရှိက ပြောကြားသည်။

သမ္မတရာမို့စ်ဟော်တာသည် အရှေ့တီမော လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့သူဖြစ်သည်။ ၎င်းကို ဩစတြေးလျဆေးအဖွဲ့က အရေးပေါ် ခွဲစိတ်ကုသပေးခဲ့ကြောင်း ၎င်း၏အကြံပေးအရာရှိက ဆက်လက်ပြောကြားသည်။

စောစောပိုင်းသတင်းတွင် သမ္မတမှာ ဝမ်းဗိုက်ကို ထိမှန်သွားသည့်အတွက် ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

သူပုန်ခေါင်းဆောင်သေဆုံး

သူပုန်ခေါင်းဆောင် အယ်ဖရီဒိုရီနာဒိုသည် ယင်းတိုက်ခိုက်မှုတွင် သေဆုံးသွားပြီး အရှေ့တီမောတပ်ဖွဲ့ဝင်တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဒိုမင်ဂို့စ်ဒါကာမာရာက ပြောကြားသည်။

အယ်ဖရီဒိုခေါင်းဆောင်သော သူပုန်အဖွဲ့သည် နံနက် ၄နာရီခွဲတွင် သမ္မတဟော်တာ၏နေအိမ်သို့ ကားနှစ်စီးဖြင့် ဝင်ရောက်လာပြီး တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

နိုင်ငံငယ်လေး

အရှေ့တီမောနိုင်ငံသည် အာရှတိုက်၌ နောက်ဆုံးလွတ်လပ်ရေးရရှိခဲ့သည့် နိုင်ငံငယ်လေးဖြစ်သည်။ ၂၀၀၆ ခုနှစ်က သောင်းကျန်းသူများ၏ ဆူပူမှုကြောင့် မတည်မငြိမ်ဖြစ်နေမှုကို ပြန်လည်တည်ငြိမ်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုအဖြစ်အပျက်နှင့် ကြုံရခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အရှေ့တီမောနိုင်ငံ၏ သမ္မတ ဟိုဆေးရာမို့စ်ဟော်တာကို ၎င်းအား ထောက်ခံသူများနှင့်အတူ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကင်ညာနိုင်ငံပြဿနာများအဆုံးသတ်ရေး ဆွေးနွေးမှုများ အောင်မြင်မှုရရှိနေကြောင်း ပြောကြား

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၁

ကင်ညာနိုင်ငံ ရွေးကောက်ပွဲတွင် သမ္မတက မဲလိမ်သည်ဟူသည့် အငြင်းပွားပြဿနာအပေါ် စေ့စပ်ညှိနှိုင်းလျက်ရှိရာ ရန်စမပြတ်ဖြစ်နေသည့် ပါတီများအနေဖြင့် ယင်းနိုင်ငံရေးပြဿနာက အဆုံးသတ်စေရေးအတွက် ပျော့ပျောင်းသည့် သဘောထား အခြေအနေသို့ ဆိုက်ရောက်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထိခိုက်ပျက်စီးခဲ့

အတိုက်အခံပါတီ ခေါင်းဆောင် ရိုင်လာအိုဒင်ဂါက သမ္မတကီဘာကီသည် ဒီဇင်ဘာ ၂၇ ရက် ရွေးကောက်ပွဲတွင် မဲလိမ်သည်ဟု စွပ်စွဲခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းတွင် အဓိကရုဏ်းနှင့် လူမျိုးစုငယ်အချင်းချင်း အကြမ်းဖက်တိုက်ခိုက်မှုများပေါ်ပေါက်ခဲ့ပြီး လူ ၁၀၀၀ ကျော် သေဆုံးခဲ့ကာ နိုင်ငံ၏ ခရီးသွားကဏ္ဍနှင့် စီးပွားရေး လုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့သည်။

ယင်းပြဿနာ အဆုံးသတ်ရေးအတွက် ကုလသမဂ္ဂ အကြီးအကဲဟောင်းဖြစ်သူ ကိုဖီအာနန်က ဦးဆောင်ကမကထပြုကာ ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ထူးခြားသည့်ဖြစ်ထွန်းမှုများ ရှိခဲ့သည်ဟု ၎င်းကပြောကြားခဲ့သည်။

မြင်တွေ့နိုင်တော့မည်

မိမိတို့ ညှိနှိုင်းဆွေးနွေးခဲ့ရာတွင် ယုံကြည်မှု စိတ်ဓာတ်သစ်များရှိခဲ့ကြပြီး ကင်ညာနိုင်ငံ၏ နိုင်ငံခြားရေးပြဿနာအပေါ် ဖြေရှင်းသွားမည့် အခြေအနေကောင်းများကို ကမ္ဘာတစ်ဝန်းက မြင်တွေ့နိုင်တော့မည်ဖြစ်သည်ဟု ကင်ညာနိုင်ငံမှ ဒေလီနေရှင်းသတင်းစာ ခေါင်းကြီးပိုင်းတွင် ရေးသားထားသည်။

အငြင်းပွားနေကြသည့် နိုင်ငံရေးပါတီများအနေဖြင့် သဘောထားပျော့ပျောင်းလာပြီး အလျှော့ပေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရာ ပြေလည်တော့မည့် အနေအထားသို့ ရောက်ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမှောင်ခွင်း၍ အလင်းဆောင်ပေးနေသော ကြည့်မြင်တိုင်မြို့နယ်မှ မျက်မမြင်ကျောင်း

သတင်းနှင့်ဓာတ်ပုံ – တင်ဝင်းလေး (ကြည့်မြင်တိုင်)

ဖေဖော်ဝါရီ ၆ ရက်ထုတ် ကြေးမုံသတင်းစာတွင် မျက်မမြင်ညီအစ်ကို နှစ်ဦး အမြင်အာရုံ ပြန်လည်ရရှိဆိုသည့် သတင်းတစ်ပုဒ် ဖတ်လိုက်ရသည့်အတွက် ကာယကံရှင်နှင့် မိဘအသိုင်းအဝိုင်းအနေဖြင့် ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိ မည်မျှအထိရှိနေမည်ကို မခန့်မှန်းနိုင်သော်လည်း သတင်းဖတ်လိုက်ရသူ မိမိအဖို့ မျက်ကြည်လွှာလှူဒါန်းသူ၊ လိုအပ်သမျှ ငွေကြေးထောက်ပံ့လှူဒါန်းသူ၊ ကုသပေးကြသော ဆရာဝန်ကြီးများနှင့် တာဝန်ယူစောင့်ရှောက်၍ ဆောင်ရွက်ပေးကြသော လူမှုဝန်ထမ်း၊

စေတနာရှင်တွေ များများပေါ်ပေါက်ပါက မိမိတို့ရဲ့ဘဝမှာ ယခုထက် ပိုမိုလှပ စိုပြည်လာမှာပါ။
မောင်စိန်လှမောင်
ဒုတိယနှစ်ဖြေဆိုထားသူ
(အဝေးသင်တက္ကသိုလ်)

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုဆွေနှင့် တာဝန်ရှိသူအားလုံးတို့၏ စေတနာကို သာဓုခေါ်ဆိုမိပါသည်။

ကျောင်းအပေါ် စေတနာထားပြီး လှူဒါန်းကြတဲ့ အလှူရှင်တွေ၊ ကုသပေးကြတဲ့ ဆရာဝန်ကြီးတွေကို အများကြီးပဲ ကျေးဇူးတင်ပါတယ်။
ဒေါ်ယုယုဆွေ
(ကျောင်းအုပ်ဆရာမကြီး)

မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်) သည် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း အမှတ် (၁၃၂)တွင် တည်ရှိသည်။ ကျောင်းကို ၁၉၁၄ ခုနှစ် ဩဂုတ် ၄ ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့တွင် နိုင်ငံတော်မှ လွှဲပြောင်းတာဝန်ယူကာ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်းအဖြစ် ဖွင့်လှစ်ခဲ့သည်။

အမြင်အာရုံ ချို့တဲ့မှုကြောင့် ဖြစ်ပေါ်နေသော အားငယ်စိတ်နှင့် စိတ်ဓာတ်ကျဆင်းမှုများ လျော့ပါးပပျောက်ပြီး မိမိကိုယ်ကို မိမိယုံကြည်မှုရှိလာရန်၊ နေ့စဉ် လှုပ်ရှားသွားလာဆောင်ရွက်မှုများကို မိမိဘာသာ ပြုမူဆောင်ရွက်တတ်စေရန်၊ လူမှုပတ်ဝန်းကျင်တွင် အဆင်ပြေစွာ နေထိုင်ဆက်ဆံတတ်စေရန်၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် မိမိဘဝကို မိမိဘာသာ ရပ်တည်ထူထောင်နိုင်စေရန် ဟူသော ရည်ရွယ်ချက် များဖြင့် အသက် (၆) နှစ်မှ (၁၈)နှစ်အတွင်း ရှိသူ၊ ပညာရေးနှင့် လက်မှုပညာ သင်ယူလိုစိတ်ရှိပြီး ကိုယ်စိတ် ကျန်းမာသူများဖြစ်ပြီး မျက်စိလုံးဝမမြင်သူများ၊ အနည်းငယ်မြင်သူများ၊ ကုသ၍ မရနိုင်သူများကိုသာ လက်ခံ၍ စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာကို သင်ကြားပေးနေသော ကျောင်းဖြစ်သည်။ ဤကျောင်းမှပင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအောင်မြင်သူ အများအပြားရှိရာ ဘွဲ့ရသည်အထိ ပညာ သင်ကြားနိုင်သူ ၁၃ ဦးပင် ရှိခဲ့ကြောင်း သိခဲ့ရသည်။

ညာဘက်မျက်စိခွဲစိတ် မျက်ကြည်လွှာတပ်ပြီး ဘယ်မျက်စိ ကုသရန် ကျန်ရှိနေသေးသော ရှမ်းတိုင်းရင်းသူ မနန်းမြမြစန်း။

ကုသ၍ ရနိုင်သော မျက်မမြင်ကျောင်းသား တစ်ဦးအတွက် ငွေကြေးလှူဒါန်းမည့်သူ ပေါ်ပေါက်ပါက ရန်ကုန်မျက်စိကုဆေးရုံကြီး (ကန်တော်လေး) မျက်ကြည်လွှာဌာနနှင့် ဆက်သွယ်၍ ခွဲစိတ်ကုသနိုင်မှုကို ၂၀၀၂ ခုနှစ်မှ စတင် ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် မနှင်းဝေစံ၊ မောင်ဘိုမြဇော်၊ မောင်စောချစ်သန်းကြည်တို့မှာ တိမ်ဖုံးခြင်းမှ လွတ်ကင်းသော လမင်းသဖွယ် ဘဝအလင်းတို့ဖြင့် တင့်တယ်လှပခဲ့ပြီ ဖြစ်သည်။

ပဲခူးတိုင်း၊ ကျွဲပွဲမြို့နယ်၊ အုတ်ဖိုကျေးရွာ၊ အေးချမ်းသာစည်ရွာသစ်နေ အဖဦးအောင်မင်း၊ အမိ ဒေါ်အေးသိန်းတို့၏ သားများဖြစ်ကြသော မောင်ဇွန်ဉာဏ်ထက် (၁၄)နှစ်နှင့် မောင်ဝေယံအောင်မင်း (၁၂)နှစ် ညီအစ်ကို နှစ်ဦးမှာ အလှူရှင် ဒေါ်စိန်မြနှင့် မြောင်းတကာကျေးရွာတို့မှ အလှူရှင်တို့၏ စေတနာငွေကြေး၊ သဒ္ဓါတရား၊ မျက်ကြည်လွှာ အလှူရှင်တို့၏ ကျေးဇူးတရား၊ ဆရာဝန်ကြီးတို့၏ ပညာဒါနများကြောင့် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့နှင့် ဒီဇင်ဘာလ ၇ ရက်နေ့တို့၌ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီး မိဘရင်ခွင်တွင် ပြန်လည်နေထိုင်နိုင်ခဲ့ပြီကြဖြစ်သည်။

ယခုအခါ ကျောင်းတွင် ရှမ်းတိုင်းရင်းသူ အသက် (၁၅)နှစ်ရှိ မနန်းမြမြစန်းမှာ ညာဘက်မျက်စိ ခွဲစိတ်၍ မျက်ကြည်လွှာတပ်ပြီးသော်လည်း ဘယ်ဘက်မျက်လုံးမှာ ကုသရန် ကျန်နေသေးသည့်အပြင် အသက် (၂၀) အရွယ်ရှိ မောင်စန်းလင်းအောင်မှာလည်း ဘယ်ဘက်မျက်စိ ခွဲစိတ်ကုသပြီးသော်လည်း ညာဘက်မျက်စိ ကုသရန် မျက်ကြည်လွှာအလှူရှင် စောင့်ဆိုင်းနေရသူဖြစ်ကြောင်း သိခဲ့ရသည်။

အသက် (၁၂)နှစ် အရွယ်တွင် ကျောင်းသို့ ရောက်ရှိပြီး တတိယတန်းမှ စတင်ပညာသင်ကြားကာ ဘယ်ဘက်မျက်စိ တိမ်ခြစ်ကုသပြီး ပြင်ပတွင်ရပ်တည်ရန် ပုံမှန် မမြင်ရသေးသော အသက် (၂၆)နှစ်ရှိ အဝေးသင်တက္ကသိုလ်တွင် စိတ်ပညာ အဓိကဘာသာရပ်ဖြင့် ဒုတိယနှစ် ဖြေဆိုထားသူ မောင်စိန်လှမောင်က "ဤကျောင်းကြီး၏ ဂုဏ်ကျေးဇူးမှာ ကြီးမားပါကြောင်း၊ ယခုကဲ့သို့ စေတနာရှင်တွေ များများပေါ်ပေါက်ပါက မိမိတို့၏ ဘဝများ ယခုထက် ပိုမိုလှပ စိုပြည်လာမှာဖြစ်ကြောင်း၊ မျက်စိဆုံးပေမယ့် ဘဝမရှုံးအောင် ကြိုးစားရမှာဖြစ်ကြောင်း" ပြောကြားသွားသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုဆွေက "အခုလို ကျောင်းအပေါ် စေတနာထား လှူဒါန်းကြတဲ့ အလှူရှင်တွေ၊ ကုသပေးကြတဲ့ ဆရာဝန်ကြီးတွေကို ကျေးဇူးအများကြီး တင်ပါတယ်၊ မိမိပတ်ဝန်းကျင်မှာ စက္ခုအာရုံ ချို့ယွင်းနေတဲ့သူတွေ ရှိရင်လည်း ကျောင်းနဲ့ဆက်သွယ်ပါ၊ ကျောင်းနဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်ကတော့ ၀၁ ၅၃၅၅၄၈ နဲ့ ၀၁ ၅၃၈၃၀၉ ပါ" ဟုပြောကြားသည်။

"အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသော ကျောင်း၏ဆောင်ပုဒ်နှင့်အညီ မျက်စိဆုံးသော်လည်း ဘဝမရှုံးစေရန် စေတနာ၊ ဝါသနာ၊ အနစ်နာခံကာ လူမှုဘဝ ချို့ယွင်းနေသော သူများကို မိမိသွေးသားရင်းသဖွယ် စောင့်ရှောက်နေသော လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်)အား ပြည်သူအများသိရှိပြီး လှူဒါန်းနိုင်ပါရန် ရေးသားလိုက်ရပါသည်။

မျက်စိပြန်မြင်သူ မောင်ဝေယံအောင်မင်း။

မျက်စိပြန်မြင်သူ မောင်ဇွန်ဉာဏ်ထက်။

ညာဘက်မျက်စိအတွက် မျက်ကြည်လွှာ အလှူရှင် စောင့်ဆိုင်းနေသူ မောင်စန်းလင်းအောင်။

ဆရာကြီး ဦးသန်းရွှေ (ဒလ-အုံကြီး)၏ သမထဝိပဿနာ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဒလ-အုံကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်း ပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံကြီး)က ဒေါပုံမြို့နယ် ဝါဆိုမှတ်တိုင်အနီး ပြသဒ်ကျောင်းပရိယတ္တိစာသင်တိုက်ကြီးတွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ညနေ ၆ နာရီမှ ၇နာရီခွဲထိလည်းကောင်း၊ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီဓမ္မာရုံကြီးတွင် ၂၃ ရက်မှ ၂၉ ရက်ထိ ညနေ ၆ နာရီခွဲမှ ၈ နာရီထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံကြီးတွင် မတ် ၁ ရက်မှ ၇ ရက်ထိ နေ့ခင်းအထူးစခန်းကြီးကို နံနက် ၇ နာရီမှ ညနေ ၇ နာရီခွဲအထိလည်းကောင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်း အောင်တော်မူလမ်းနှင့် ကျောင်းလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်တွင် မတ် ၈ ရက်မှ ၁၄ ရက်ထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏မှာကြားချက်များဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် များကို ရွာ၏ ဘုန်းတော်ကြီးကျောင်းဖြစ်ရေး၊ ဝန်ထမ်းများ၏ သက်သာချောင်ချိ ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲ၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ချမှတ်ထားသော လုပ်ငန်းတာဝန် (၁၁)ရပ်ကို ကျေပွန်အောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ခရိုင်လေးခရိုင်နှင့် မြို့နယ်များမှ ဦးစီးအရာရှိများ၊ ဌာနဆိုင်ရာများအား ထပ်ဆင့်ရှင်းလင်း ဆွေးနွေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"တွေ့ပါတယ် ဒါပေမယ့်မမြင်"တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
၇:၄၅-၁:၄၅	တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
၇:၅၅-၁:၅၅	တေးဂီတအစီအစဉ်
၈:၀၀-၂:၀၀	Sunday Talk
၉:၀၀-၃:၀၀	ရှမ်းဝတ်စားဆင်ယင်မှုပြကွက်
၉:၀၅-၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	Biz Net
၉:၃၅-၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅-၃:၄၅	ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးပြဿနာများ (စရဏစကားဝိုင်း)
၁၀:၃၅-၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀	နိုင်ငံရပ်ခြားအတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာအရသာ (စပိန်စတိုင်လ်)
၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀-၅:၀၀	လက်ဖက်စိုက်တဲ့ရွာကလေး
၁၁:၁၅-၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	ကျိုးသဲမြို့မှစည်းလုံးချည်
၁၁:၄၀-၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅-၅:၄၅	စည်းလုံးချစ်ကြည် မြန်မာပြည်တိုင်းရင်းသားများပေါင်းစုညီ
၁၂:၁၅-၆:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀-၆:၂၀	Activities In The City (အရိုးဆရာဝန်များညီလာခံ)
၁၂:၃၅-၆:၃၅	Music Gallery (ဇော်ဝမ်း-မွေးဌာနီ)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စိန်ရတု စာအုပ်ဈေးရောင်းပွဲ ဆိုင်ခန်း ၅၃ ခန်း ဖွင့်လှစ်ရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာဝင်းအတွင်း၌ စိန်ရတုအထိမ်းအမှတ်အဖြစ် ကျင်းပလျက်ရှိသည့် စာအုပ်ဈေးရောင်းပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ စာအုပ် ဝယ်ယူအားပေးကြသူများဖြင့် စည်ကား လျက်ရှိသည်။ စာအုပ်ဈေးရောင်းပွဲတွင် Account Care ကုမ္ပဏီစာအုပ် အရောင်းဆိုင်၊ ဝါမိုးအောင်စာပေတိုက်၊ အားမာန်သစ်စာပေ၊ ဆုလာဘ်ပြည့်စာပေ၊ နန်းချစ်ကြည်စာပေ၊ အောင်နိုင်စာပေ၊ ဝင်းညီအောင် စာအုပ်ဆိုင်၊ အောင်ဇော်စာပေ၊ ပြည့်စုံစာအုပ်တိုက်၊ တင်ရွှေစာပေနှင့် အခြားစာအုပ်ဆိုင်ပေါင်း ၂၈ ဆိုင်မှ ဆိုင်ခန်းပေါင်း ၅၃ ခန်းဖြင့်ဖွင့်လှစ်၍ ပြည်တွင်းပြည်ပ သုတရသစာအုပ်များ၊ ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ ကျမ်းစာအုပ်များ၊ ဘာသာရေးစာအုပ်များ စသည်ဖြင့် ဘာသာရပ်မျိုးစုံရောင်းချလျက်ရှိရာ ဝယ်ယူအားပေးကြသည့် စာမွေ့သူများနှင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၅၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က ရွှေတိဂုံဘုရားလမ်းရှိမြို့တော်စည်ပင်ဓမ္မာရုံ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးမောင်မောင်ထွန်းက အလုပ် အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် တစ်နှစ်တာ လုပ်ဆောင်မှုများကို ရှင်းလင်းပြောကြားစဉ်။ (၁၉)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ်

အထွေထွေရောဂါကု ဆေးရုံကြီး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့တွင် တည်ဆောက်ပေးထားသည့် အထွေထွေရောဂါကု ဆေးရုံကြီးကို တွေ့ရစဉ်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့တွင် တည်ဆောက်ပေးထားသည့် ပင်လုံတက္ကသိုလ် အဆောက်အအုံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၁၈၉၅၂၆၃	၃၀၈၅၉၈၃	၁၁၉၀၇၂၀
၂	ဆည်တမံ(အကြီး/အသေး)	ခု	၃၆၀	၅၆၁	၂၀၁
၃	မြစ်ရေတင်လုပ်ငန်း	ခု	-	၄	၄
၄	ကြိုးဝိုင်းတော	စတုရန်းမိုင်	၁၈၄၇	၉၁၂၇	၇၂၈၀
၅	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၅၁၂	၅၁၂
၆	ရထားသံလမ်းမိုင်	မိုင်	၁၆၉	၄၁၈	၂၄၉
၇	ကားလမ်းများ	မိုင်	၃၇၉၅	၄၉၈၀	၁၁၈၅
၈	ပေ(၁၈၀)နှင့်အထက်တံတား	စင်း	၂၁	၃၁	၁၀
၉	စာတိုက်စခန်း	ခု	၈၈	၁၆၀	၇၂
၁၀	ကြေးနန်းရုံး	ရုံး	၃၁	၈၈	၅၇
၁၁	တယ်လီဖုန်းရုံး	ရုံး	၂၉	၁၂၈	၉၉
၁၂	မိုက္ကရိုဝေ့ဖ်စခန်း	ခု	-	၄၃	၄၃
၁၃	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၁	၁၆၇	၁၆၆
၁၄	ပုဂ္ဂလိကစက်ရုံ	ရုံ	၆၃၁	၃၇၅၆	၃၁၂၅
၁၅	အခြေခံပညာကျောင်း	ကျောင်း	၃၆၅၂	၅၁၈၅	၁၅၃၃
၁၆	တက္ကသိုလ်၊ ကောလိပ်	ခု	၁	၄	၃
၁၇	နည်းပညာတက္ကသိုလ်၊ ကောလိပ်	ခု	-	၄	၄
၁၈	ကွန်ပျူတာတက္ကသိုလ်	ခု	-	၄	၄
၁၉	ဆေးရုံ	ရုံ	၆၉	၁၁၂	၄၃

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တည်ဆောက်ပေးထားသော ရွှေလီတံတား (မဘိမ်း)ကို တွေ့ရစဉ်။

ပြည်နယ်အဆင့်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပေးဆွေးနွေးခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မွန်ပြည်နယ် ပြည်နယ်အဆင့်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးတင်ပြခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက် ၉နာရီက မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်း အမှာစကားပြောကြားသည်။ (ဓါတ်ပုံ) ယင်းနောက် ကျန်းမာရေးဦးစီးဌာန ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ စီမံချက် မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဝင်းနှင့် တာဝန်ရှိသူများက ကမ္ဘာနှင့်မြန်မာနိုင်ငံသွေးလွန်တုပ်ကွေး ရောဂါအခြေအနေများ၊ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် တိုင်းမှူးသည် မော်လမြိုင်မြို့အထွေထွေရောဂါကုဆေးရုံကြီး၊ ကလေး ကုသဆောင်(တိုးချဲ့) ဆောက်လုပ်မည့်နေရာသို့ သွားရောက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေတို့သည် ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းတွင် နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာ စိတ္တသုခမ္မောရုံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် ဆရာတော် သံဃာတော်များအား ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင်ဒုတိယဝန်ကြီးသည် စိတ္တသုခမ္မောရုံ၌ လုံးတော၊ သမန်းတော၊ ကန်နှောင်းကျေးရွာသုံးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများအားလည်းကောင်း၊ မြင်းခြံခရိုင်နှင့် နွားထိုးကြီးနှင့် မြင်းခြံမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ကျေးရွာစည်းရုံးရေးမှူးများအား လည်းကောင်း တွေ့ဆုံအမှာစကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၄ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အားကစားပေါင်းစုံ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် နဘူးအိုင် အထက်တန်းကျောင်းခွဲ ခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့်ဇနီး ဒေါ်ဝေဝေမိသားစု၏ ပထမအကြိမ်ပညာရည်ချွန်ဆုပေးပွဲ၊ဆီမီးခုံ အထက်တန်းကျောင်း ရောနဒီခန်းမ၌ ကျင်းပသော ပထမအကြိမ် ပညာရည်ချွန်ဆုပေးပွဲနှင့် ငါန်းမြာကြီး အထက်တန်းကျောင်းခန်းမ၌ကျင်းပသော စတုတ္ထအကြိမ် ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်ဇနီးတို့သည် ငါန်းမြာကြီးတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်း၊ ငါန်းမြာကြီးကျေးရွာ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် ငွေကျပ် ငါးသောင်းစီနှင့် ဆေးရုံရှိ ကျန်းမာရေး ဝန်ထမ်းများအတွက် ငွေကျပ်ငါးသောင်းနှင့် ဆေးရုံတွင် တက်ရောက်ဆေးကုသလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ငါန်းမြာလျှပ်စစ် မြစ်ရေတင် စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့်ဇနီးတို့သည် ငါန်းမြာကြီးကျေးရွာရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့သို့ အလှူတော်ငွေကျပ်ငါးသောင်းပေးအပ်လှူဒါန်းသည်။

ထို့နောက် ရှင်ပင်တန့်ကျောင်း မြတ်စွာ ဘုရားအား ဖူးမြော်ကြည်ညိုပြီး ဂေါပက အဖွဲ့သို့ အလှူတော်ငွေကျပ် ငါးသောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရွှေဝါဝင်း အငြိမ့်အဖွဲ့ ဖေဖော်ဝါရီ ၁၀ရက် ညတွင် သဃ်န်းကျွန်းမြို့နယ် ဆယ်သိန်း ရပ်ကွက်ပြည်သူများအား ဖျော်ဖြေရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ရွှေတံဆိပ်ဆုရှင်ခေါင်းဆောင်မင်းသမီး အေးအေးမော်နှင့် ရွှေတံဆိပ်ဆုရှင်မင်းသမီး ချောဖြူဖြူနှင်းဆီနှင့် အဖွဲ့အားဂုဏ်ပြုငွေကျပ်၁၅၀၀၀၀ ချီးမြှင့်ပေးအပ်စဉ်။ (၁၀၆)

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ ဖေဖော်ဝါရီ ၁၁ရက်က ရန်ကုန်မြို့ သိမ်ကြီးဈေး အေရုံ၊ ဘီရုံ၌ (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဈေးသာယာရေး အဖွဲ့နှင့် ဈေးသူဈေးသားများ စုပေါင်း၍ အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးစဉ်။

(မြို့တော်စည်ပင်)

လသာမြို့နယ် အထက(၂)တွင် ဖေဖော်ဝါရီ ၁၁ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် မြညီလာခန်းမ၌ နံရံကပ်ပိုစတာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်သိင်္ဂီကျော် ဟောပြောစဉ်။

(ပညာရေး)

✳ ကာကွယ်ရေးမှ

ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ခဲ့သော ငမိုးရိပ်/ဂျိုးဖြူ ရေပိုက်လိုင်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်အားပေး ချီးမြှင့်ပြီးရေတွန်းစက်ရုံရှိ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာငမိုးရိပ်/ဂျိုးဖြူ ရေပိုက်လိုင်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ငမိုးရိပ်/ဂျိုးဖြူရေပိုက်လိုင်းမှ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၁၈)၊ (၁၉)၊ (၂၄)နှင့် (၂၅)ရပ်ကွက်များရှိ အိမ်ထောင်စု ၆၀၇၂ စုတို့အား သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

ဖွင့်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှိ ဖြိုးစေတနာအခမဲ့ ဆေးကုခန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုလမ်းမှ မောင်းမကန်ကမ်းသာလမ်းအထိ ကတ္တရာထပ်ပိုးလွှာခင်းကျင်းမှုလုပ်ငန်း၏ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် လော်ကားလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ အမှတ်(၂) လမ်းမကြီးတစ်လျှောက်၌ ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ဒဂုံတက္ကသိုလ်အဝင် အရှည်ပေ၁၀၄၀၀ရှိ တော်ဝင်လမ်းမကြီး၌ စကြံများနှင့် ရေထွက်ပေါက်များ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဒဂုံတက္ကသိုလ်စီမံအုပ်ချုပ်မှုအဆောက်အအုံသစ်ရှေ့၌ စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ တပင်ရွှေထီးလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းလျားကန်အတွင်း စက်ယန္တရားကြီးများဖြင့် သောင်မြေများတူးဖော်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၃၆)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိန်းငှက်သူရဲကောင်း(ဒုတွဲ) (အပိုင်း-၃၂)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မြောက်ဥက္ကလာပမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပညာ ရတနာကျောင်း စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၈ရက်က အမက(၄)၌ ကျင်းပရာ ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

➪ ကျောဖုံးမှ

ဟုမ္မလင်းမြို့နယ်အနေဖြင့် စိုက်ပျိုးဧက ၁၀၄၂၁၅ဧကမှထွက်ရှိသည့် ဆန်စပါး၊ ဆောင်းသီးနှံနှင့် ဒေသထွက်ပစ္စည်းမျိုးစုံကို အခြားဒေသများသို့ ဤတံတားမှဖြတ်သန်း၍ အလွယ်တကူသယ်ပို့ရောင်းချနိုင်ခြင်း၊ စိုက်ပျိုးမှု နည်းပညာများ ရရှိခြင်းတို့ကြောင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ကြောင်း။

ဥရုမြစ်ကူးတံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်းအားဖြင့် ဒေသအတွင်း ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် စီမံခန့်ခွဲရေးစသော အကျိုးအမြတ်အသီးအပွင့်များ ရရှိခံစားလာနိုင်ကြတော့မည်ဖြစ်သည့်အတွက် ဥရုမြစ်ကူးတံတားကြီးကို ရေရှည်တည်တံ့ခိုင်မြဲစွာအသုံးပြုသွားနိုင်အောင် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ယခုဖွင့်လှစ်မည့် ဥရုတံတားသည် ဟုမ္မလင်းမြို့နယ် အတွင်း သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မိုင်တိုင်၁၈၆တွင် ရှိသည့် ဥရုမြစ်ပေါ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ ပင်မဘေလီကြိုးတံတားဖြစ်၍ ပေ၅၄၀နှင့်သံကူကွန်ကရစ် ချဉ်းကပ်တံတား ပေ၅၅၀နှင့် စုစုပေါင်းအရှည် ပေ ၁၀၉၀ဖြစ်ကြောင်း။

ယာဉ်သွားလမ်း၁၆ပေ၊ ၆လက်မ ကျယ်ပြီး ယာဉ်တစ်စီးချင်း၃၅တန် ဖြတ်သန်းသွားလာနိုင်ကြောင်း၊စစ်ကိုင်းတိုင်းအတွင်း၌ တည်ဆောက်ဆဲအနေဖြင့် နာဂတိုင်းရင်းသားများ၏နယ်မြေနှင့် သွားလာမှုလွယ်ကူအောင် တည်ဆောက်နေသည့် နန့်စလိန်တံတားကိုလည်း မကြာမီဖွင့်လှစ်နိုင်တော့မှာဖြစ်ကြောင်း။

ဤတံတားကို ဖွင့်လှစ်ပေးနိုင်၍ စစ်ကိုင်းတိုင်းအထက်ပိုင်းက ထွက်ရှိသည့် ဆန်၊ စပါး၊ ဆီထွက်သီးနှံ၊ သစ်တောထွက်ပစ္စည်းများနှင့် တွင်းထွက်သယံဇာတများကို လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပြီး ကုန်သွယ်နိုင်မှာ ဖြစ်သည့်အပြင် ယင်းနယ်မြေ၌ ဆက်စပ်နေသည့် ရှမ်း၊ ကချင်နှင့် နာဂတိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် အလျင်အမြန် တိုးတက်ဖွံ့ဖြိုးလာတော့မှာဖြစ်ကြောင်း။

၂၀၀၆ ခုနှစ်ကို လမ်းနှစ်အဖြစ်သတ်မှတ်ခဲ့ပြီး မြန်မာပြည်အနှံ့ဆောင်ရွက်ခဲ့ရာ ၁၉၈၈ခုနှစ်နောက်ပိုင်း လမ်းမိုင်ပေါင်း ၅၅၅၉/၆မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံတော်အနှံ့အပြား ဒေသအားလုံး၌ စီးပွားရေးဖြစ်ထွန်းစေမည့် ဆည်မြောင်း၊ တာတမံ၊ လမ်း၊ တံတား၊ လေဆိပ်၊ ဆိပ်ကမ်းများကို တည်ဆောက်ပေးခဲ့သကဲ့သို့ ပညာရေးနှင့်ကျန်းမာရေး အဆင့်မြှင့်တင်နိုင်ရေးအတွက် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်များ၊ ဆေးရုံ၊ ဆေးပေးခန်း စသည့်အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖွင့်လှစ် ပေးထားပြီးဖြစ်ရာ တိုင်းရင်းသားအားလုံးအနေဖြင့် မိမိတို့ရရှိပြီးဖြစ်သည့် ဖွံ့ဖြိုးမှုအခြေခံကောင်းများကို ထိထိမိမိအကျိုးရှိရှိ အသုံးချပြီး မိမိအတွက်သာမက ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဥရုတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ဥရုတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

ဥရုတံတား၏ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်လွန်တူးဘိုးပိုင်၊ သံကူကွန်ကရစ် တံတားအောက်ထည်၊ ဘေလီကြိုးတံတားဖြစ်ကာ အရှည်ပေ ၅၄၀နှင့် ချဉ်းကပ်တံတားနှစ်ဖက် အရှည်ပေ ၅၅၀ရှိ၍ စုစုပေါင်းတံတားအရှည် ပေ၁၀၉၀ဖြစ်ပြီး ပင်မကြိုးတံတားယာဉ်သွားလမ်းအကျယ် ၁၆ပေ ၆လက်မ၊ ချဉ်းကပ်တံတားတွင် ယာဉ်သွားလမ်း ပေ၂၀ နှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြု အလေးချိန်မှာ ၃၅တန်ဖြစ်သည်။

ဥရုတံတားမှာ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းပေါ်ရှိ အဓိကကျသည့်တံတားတစ်စင်းဖြစ်ပြီး စစ်ကိုင်းတိုင်း အထက်ပိုင်းမှ ထွက်ရှိသည့် ဆန်၊ စပါး၊ ဆီထွက်သီးနှံ၊ သစ်တောထွက်ပစ္စည်းများနှင့် တွင်းထွက်သယံဇာတများကို လုံခြုံချောမွေ့လျင်မြန်စွာ သယ်ယူပို့ဆောင်ကုန်သွယ်နိုင်မည်ဖြစ်ပြီး စစ်ကိုင်းတိုင်းနှင့် ဆက်စပ်နေသော ရှမ်း၊ ကချင်နှင့် နာဂတိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် အထူးတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်မြို့ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ ကျေးဇူးရှင်ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း သားတပည့်များဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးမောင်အုံး၊ ဦးသိန်းဆွေ(ရန်ကုန်)တို့က (၆၈)ကြိမ်မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ခုနစ်ရက်အထူးတရားစခန်းကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃဓမ္မာရုံ၌ ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆိုပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီ အရောက် လာကြရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ဒုဥက္ကဋ္ဌဦးညွန့်လှိုင် ဖုန်း-၅၄၆၈၃၈၊ အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၉-၉၉၂၇၃၈၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။(က-ပ)

ကျိုက်ဒေးယျုံဆရာတော် ဓမ္မဒူတခရီး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ကျိုက်ဒေးယျုံအရှင်ဥတ္တရ (ဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)သည် ဖေဖော်ဝါရီ ၁၂ရက်တွင် သန်လျင်မြို့၊ ၁၃ရက်မှ ၁၅ရက်အထိ ဓနုဖြူမြို့နယ် ပကွန်ဘုရားကြီးကျောင်း၊ ၁၆ရက်တွင် သန်လျင်မြို့၊ ၂၀ရက်နှင့် ၂၁ရက်တွင် ကျုံပျော်မြို့နယ် ကြို့ကုန်းဗုဒ္ဓပူဇနိယပွဲ၊ ၂၃ရက်တွင် ခရမ်းမြို့ ကံသာကျောင်း၊ မတ် ၁ရက်တွင် ခရမ်းမြို့နယ်မန်ကျည်းကန်ရွာ၊ ၂ရက်တွင် သုံးခွမြို့နယ် ရှမ်းစုရွာ၊ ၃ရက်တွင် ခရမ်းမြို့နယ်ရိုးကြီးရွာ၊ ၄ရက်တွင် ကမာညွတ်ရွာ၊ ၅ရက်တွင် ကျောင်းကံကြီးရွာ၊ ၆ရက်တွင် ပိန်းကံရွာ၊ ၇ရက်တွင် ကမာတကောရွာ၊ ၈ရက်တွင် နွယ်ကတော့ရွာ၊ ၉ရက်တွင် သန်လျင်မြို့နယ် ဝင်းနက်ကံရွာ၊ ၁၀ရက်တွင် ပေါက်တောရွာ၊ ၁၁ရက်တွင် ခရမ်းမြို့နယ် ညောင်လမ်းကံရွာ၊ ၁၂ရက်တွင် သုံးခွမြို့နယ် ကမွန်းကံရွာ၊ ၁၃ရက်တွင် ညောင်နီရွာ၊ ၁၄ရက်တွင် ခရမ်းမြို့နယ် ကွန်ဒိုင်းရွာ၊ ၁၅ရက်နှင့် ၁၆ရက်တွင် ခရမ်းမြို့နယ် ကမာဒူးရွာ၊ ၁၉ရက်နှင့် ၂၀ရက်တွင် ကျိုက်ဒေးယျုံစေတီ ဗုဒ္ဓပူဇနိယပွဲ၊ ၂၁ရက်နှင့်၂၂ရက်တွင် ကျောက်တန်းမြို့နယ်၊ မီးပြစံပြကျေးရွာ အလှူပွဲ၌ တရားတော်များဟောကြားမည်ဟုသိရသည်။ (က-ပ)

ဖြူးရွှေကျင်ကျောင်း တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သတ္တမအကြိမ်မြောက် ဖြူးမြို့ ရွှေကျင်(မြောက်ကျောင်း) ခုနစ်ရက်တရားစခန်းကို ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၏ ဩဝါဒခံယူကာ ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ မတ်၂ ရက်အထိခုနစ်ရက်တရားစခန်းကို အဆိုပါကျောင်းတိုက်၌ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ တရားစခန်းတွင် ပဲခူးမြို့ နာရဏီသိမ်တော်ကြီးမှ ကမ္မဋ္ဌာနာစရိယ တရားပြဆရာ ဦးသန်းစိုးက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူ၍ စာတွေ့လက်တွေ့ ပို့ချမည်ဖြစ်ပြီး အချိန်ပိုင်း စာတွေ့သင်တန်းတက်ရောက်လိုသော ဓမ္မမိတ်ဆွေများသည်လည်း နေ့စဉ်နံနက် ၇နာရီ၌တစ်ကြိမ်၊ ညနေ ၅နာရီ၌ တစ်ကြိမ် တရားနာယူနိုင်ကြောင်း သိရသည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဦးသက်စိန်(ဥက္ကဋ္ဌ)၊ ဦးကျော်ဇောဝင်း(ဒု-ဥက္ကဋ္ဌ)၊ ဦးသန်းညွန့်(ဒုဥက္ကဋ္ဌ)၊ ဦးသိန်းဝင်း (အတွင်းရေးမှူး) နှင့် သံဃာ့ဒါနဆွမ်းလောင်းအသင်း ဓမ္မာရုံတို့၌ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မင်းကင်း၊ ကလေးဝနှင့် ကလေးမြို့နယ်တို့မှ ကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၈ရက်တွင် မင်းကင်းမြို့နယ် မြင်းဦးအခြေခံပညာ မူလတန်းကျောင်းနှင့် ကလေးဝမြို့အခြေခံပညာ အထက်တန်းကျောင်း တို့တွင် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် ကလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ စစ်ကိုင်းတိုင်းပညာရေးမှူး၊ ကလေးမြို့နယ်ပညာရေးမှူး၊ အခြေခံပညာ အထက်တန်း ကျောင်းအုပ်များ၊ အလယ်တန်း ကျောင်းအုပ်များ၊ အခြေခံပညာ မူလတန်းကျောင်းအုပ်များ၊ အထက်တန်းပြ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ ကျောင်းသားသစ်များကို စည်းမျဉ်းစည်းကမ်းနှင့်အညီ လက်ခံရေး၊ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး၊ စီမံချက်ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ သင်ခန်းစာ ပြန်လှန်သင်ကြားမှုအပြည့်အဝ ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဆရာ၊ဆရာမများ၏တစ်ဦးချင်း တင်ပြချက်များအပေါ် လိုအပ်သည်များစီမံဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကလေးမြို့အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများမှ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာ အခြေခံမူနှင့် လုပ်ထုံးလုပ်နည်းများ၊ အခြေခံပညာရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဒေသတွင်းကျောင်းသား၊ ကျောင်းသူများစည်းကမ်းတကျ ပညာရည်မြင့်မားရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် ကလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ စစ်ကိုင်းတိုင်း ပညာရေးမှူး၊ ကလေးမြို့နယ် ပညာရေးမှူး၊ အခြေခံပညာ အထက်တန်းကျောင်းအုပ်များ၊ အလယ်တန်းကျောင်းအုပ်များ၊ အခြေခံပညာ မူလတန်းကျောင်းအုပ်များ၊ အထက်တန်းပြဆရာ၊ ဆရာမများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

ဘဏ္ဍာရေးဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

အမှတ်(၁)စက်မှုဝန်ကြီးဌာနဘဏ္ဍာရေးဆိုင်ရာအစည်းအဝေးကိုယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်စက်မှုလုပ်ငန်းများမှ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဒုတိယ အထွေထွေမန်နေဂျာများ၊လက်ထောက်ညွှန်ကြားရေးမှူးများ၊ လက်ထောက် အထွေထွေမန်နေဂျာများ၊ စက်ရုံအလုပ်ရုံများမှ ဘဏ္ဍာရေးမှူးများနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁/၂၀၀၈)မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် **(အောက်ပုံ)**က အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၈:၀၀ ၂။ (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၃။ International News.
- ၈:၄၅ ၄။ Let's Go.
- ၉:၀၀ ၅။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅:၀၀ ၅။ (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၁၀ ၆။ ဆိုကြမယ်၊ပျော်ကြမယ်
- ၅:၅၀ ၇။ (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ ပြည်ထောင်စုနေ့အထိမ်းအမှတ် (အမျိုးသားပညာရည်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် စကားဝိုင်း)(ဂျပန်ဘာသာ)
- ၆:၅၀ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၂၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေချစ်သက်တည်" (အပိုင်း-၂၃)**
- ၇:၄၅ ၁၃။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "စစ်မှန်သောမျိုးချစ်စိတ်ဓာတ်"
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျဉ်းပြိုင်"(အပိုင်း-၃)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးအတွက် ရန်ကုန်မြို့ အင်းလျားလမ်းနေ နှစ်ဖက်သောမိဘများနှင့် ခိုင်ရွှေဝင်းကုမ္ပဏီလီမိတက်၏ကျေးဇူးရှင် ဒေါ်သန်းနု(မန်နေးဂျင်းဒါရိုက်တာ)အားရည်စူး၍ ဦးတင်ရွှေ-ဒေါ်မွေး၊ မန်နေဂျာဦးအေးမိသားစုတို့က ငွေကျပ်နှစ်သိန်း၊ မိခင်ကြီးဖြစ်သူ ဒေါ်ခင်ရွှေနှင့် သားသမီးမြေးတစ်စုက ငွေကျပ် ၇၀၀၀၀နှင့် ပြည်ပရောက်အလှူရှင်များက အမေရိကန်ဒေါ်လာ ၅၀တို့ကို ဇန်နဝါရီ ၃၀ရက်က စေတီတော်အာရုံခံတန်ဆောင်း၌ ဂေါပကအဖွဲ့သို့ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သဃၤန်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်ဆုတောင်းပြည့်စေတီတော်တွင် အသစ်မွမ်းမံ ပြုပြင်လျက်ရှိသည့် ရုပ်လုံးကြွဆီမီးခုံတစ်စုံအတွက် ကျိုက္ကစံစေတီတော် တောင်ဘက် ကောင်းစေသူ နိဗ္ဗာန်ကုန်နှင့် သက်န်းပရိက္ခရာဆိုင်ရှင် ဦးကြီးအောင် - ဒေါ်မြမြဝင်း မိသားစုက အလှူငွေကျပ် ခြောက်သိန်းငါးသောင်း လှူဒါန်းရာ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးစိုးမြင့်နှင့်အဖွဲ့ဝင်များက လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။

(က-ပ)

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၀၈ ခုနှစ် (၅၃)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် မွန်းလွဲ ၂နာရီခွဲတွင် လားရှိုးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဘောလုံးအသင်းနှင့် ကချင်ပြည်နယ် ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဖေဖော်ဝါရီ ၉ရက် ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ ကချင်ပြည်နယ်အသင်းမှ စိုင်းသန်းအောင်နှင့် တတိယဆုရ မန္တလေးတိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုချီးမြှင့်ငွေများကို ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်အောင်က ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းအား တစ်ဦးချင်းဆုများကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမျိုးချစ်က ချီးမြှင့်ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆု၊ အကောင်းဆုံး အလယ်တန်းအားကစားသမားဆု၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရ ကချင်ပြည်နယ်အသင်းတို့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆုတံဆိပ်များနှင့် ဆုချီးမြှင့်ငွေ ကျပ် ၅၀၀၀၀စီကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က အသန့်ရှင်းဆုံး အသင်းဆုရ မန္တလေးတိုင်းအသင်းအား အသန့်ရှင်းဆုံး ဆုဖလားနှင့် ဆုချီးမြှင့်ငွေကျပ်သုံးသိန်းနှင့် စတုတ္ထဆုရ ပဲခူးတိုင်းအသင်းအား ဆုချီးမြှင့်ငွေကျပ် ၁၀သိန်းကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနိုင်ရဗိုလ်စွဲသွားသော ကချင်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ တတိယဆုရရှိသွားသော မန္တလေးတိုင်းအသင်းအား ဆုချီးမြှင့်ငွေကျပ် ၁၅သိန်း၊ ဒုတိယဆုရရှိသွားသော ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းအား ဆုချီးမြှင့်ငွေကျပ်သိန်း ၂၀၊ ပထမဆုရရှိသွားသော ကချင်ပြည်နယ်အသင်းအား ဆုချီးမြှင့်ငွေကျပ် ၂၅သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က အနိုင်ရ ဗိုလ်စွဲသွားသော ကချင်ပြည်နယ်အသင်းအား ပြည်ထောင်စုဒိုင်းကြီးနှင့် ဆင့်ပွားဒိုင်းကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် (၅၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသော ကချင်ပြည်နယ် အသင်းအား ပြည်ထောင်စုဒိုင်းကြီးနှင့် ဆင့်ပွားဒိုင်းကို ပေးအပ်ချီးမြှင့်စဉ်။
(အား/ကာ)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် စုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

ရန်ကုန်မြို့ လှိုင်မြို့နယ် ရတနာမွန် ၅လမ်း၊ အေးရိပ်မွန်မှ ဦးကျော်ကျော် ဦး-ဒေါ်မို့မို့ (ကျော်စက်ပစ္စည်းရောင်းဝယ်ရေး)တို့၏သမီး ရှင်းရည်မွန်(၁၁)နှစ်မြောက်မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ၁၁၁၀၀၀ ကို ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဦးငွေးဝင်း-ဒေါ်ပွင့်ပွင့်ဦး၊ သမီး အေးမြမြမူတို့က ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာ မိုဘိုင်းလ်အဘိဓာန်နှင့် Messx မိုဘိုင်းလ်ဆော့ဖ်ဝဲသစ်များ စတင်ထုတ်လုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မိုဘိုင်းလ် တယ်လီဖုန်းများတွင် အသုံးပြုနိုင်သော ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာ အဘိဓာန် (DEFINED: Mobile)နှင့် မိုဘိုင်းလ် တယ်လီဖုန်းတစ်လုံးကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်သော (Messx) စသည့် မိုဘိုင်းလ် application များ စတင်ထုတ်လုပ်ရောင်းချခြင်းနှင့် အရောင်းကိုယ်စားလှယ်များ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် A&T International Co.,Ltd မှ ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး Technomation Studios မှ ကိုထူးမြင့်နောင်က မိုဘိုင်းလ်ဆော့ဖ်ဝဲများဖြစ်သော DEFINED: Mobile နှင့် Messx application များ အကြောင်းကို လက်တွေ့သရုပ်ပြသသည်။

ယနေ့မှစ၍ စတင်ရောင်းချသော DEFINED: Mobile နှင့် Messx application များသည် ဂျီအက်စ်အမ်ဟမ်းဆက်များတွင် အသုံးပြုနိုင်သော အသုံးချ ဆော့ဖ်ဝဲများဖြစ်ပြီး ဂျီအက်စ်အမ် တယ်လီဖုန်း ကိုင်ဆောင်သူတိုင်း အသုံးပြုနိုင်သည်။ မိတ်ဆက်တင်ပြသည့် အသုံးချဆော့ဖ်ဝဲ နှစ်မျိုးအနက် Messx ဆော့ဖ်ဝဲသည် မိုဘိုင်းလ် တယ်လီဖုန်းများကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် ဆော့ဖ်ဝဲဖြစ်သည်။ မိုဘိုင်းလ်ဖုန်းများတွင် မြန်မာဘာသာဖြင့် SMS ပို့နိုင်ပြီး တယ်လီဖုန်း၏ လိပ်စာမှတ်တမ်းကိုပါ မြန်မာဘာသာဖြင့် အသုံးပြု၍ ရစေသည်။ Address book ကို တယ်လီဖုန်းနံပါတ်များနှင့် စုစည်းဖော်ပြမည့်အစား မြန်မာလိုနာမည်များဖြင့် စုစည်းပေးထားသည်။ တယ်လီဖုန်းခေါ်ခြင်း၊ လက်ခံခြင်း၊ SMSပို့ခြင်း၊ လက်ခံခြင်းများအားလုံးကို တယ်လီဖုန်းနံပါတ်ဖြင့် သိမ်းဆည်းမည့်အစား လူပုဂ္ဂိုလ်များဖြင့် သိမ်းဆည်းပေးသွားမည်ဖြစ်သည်။

SMS သုံးစွဲသည့်နေရာတွင် ယခင်ကကဲ့သို့ Inbox, outbox များ မရှိတော့ဘဲ (ဥပမာ တစ်ယောက်နှင့်တစ်ယောက် SMS ပို့သည့်အခါ G-talk မှာ သုံးသကဲ့သို့ chatting ပုံစံနှင့်) အသုံးပြုနိုင်မည်ဖြစ်ပြီး အပြန်အလှန် စကားပြောသည့် ပုံစံဖြစ်သည့်အတွက် ပြောခဲ့သမျှ အားလုံးမြင်နိုင်၊ တွေ့နိုင်မည်ဖြစ်သည်။ ထို့ပြင် Messx ကို သုံးစွဲသူတိုင်းကို ခလုတ်တစ်ချက်နှိပ်ရုံဖြင့် တယ်လီဖုန်းမှ အချိန်နာရီကို မြန်မာဘာသာအသံထွက်ဖြင့် ပြောပြပေးနိုင်သည်။

Messx နှင့်အတူ တစ်ပါတည်း တင်ပြသော DEFINED: Mobile သည် မိုဘိုင်းလ် တယ်လီဖုန်းများတွင် အသုံးပြုနိုင်သော ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာ အဘိဓာန်ဖြစ်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေထားသော စာမျက်နှာ ၁၆၀၀ ရှိ ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာအဘိဓာန်ကို မိုဘိုင်းလ်တယ်လီဖုန်းများတွင် အသုံးပြုနိုင်စေရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ အင်္ဂလိပ်ဝေါဟာရပေါင်း ၂၄၀၀၀ ကျော်ပါဝင်ပြီး ကျောင်းသားများသုံးရန် ရည်ရွယ်သည့်အတွက် လိုရင်းကို တိုတိုနှင့် ရှင်းလင်းဖော်ပြပေးထားသည်။

မိုဘိုင်းလ်အဘိဓာန်သည် လက်ရှိဈေးကွက်ထဲတွင်ရှိနေသော မူရင်းစာအုပ်ဈေး၏ ထက်ဝက်၊ အီလက်ထရွန်နစ် အဘိဓာန်များထက် ရှစ်ဆ ဈေးသက်သာပြီး တယ်လီဖုန်းရှိသူတိုင်းအတွက် သွားလေရာ သယ်ဆောင်သွား၍ရသည်။ ထို့ပြင် ကျောင်းသားသုံးဖြစ်သည့်အတွက် ကျောင်းသားများအတွက် Vocabulary Builder ကို ထည့်သွင်းပေးထားသည်။ အခြေခံပညာအထက်တန်းကျောင်းသား (Grade-10 နှင့် 11)အတွက်ဖြစ်ပြီး ကျောင်းသားများအတွက် သိသင့် နားလည်သင့်သည့် ဝေါဟာရစကားလုံး စုစုပေါင်း ၁၀၀၀ ခန့်ကို လေ့ကျင့်နိုင်အောင် ပြုလုပ်ပေးထားသည်။ အခြေခံပညာကျောင်းသားများအတွက်သာမက နိုင်ငံတကာအဆင့် အင်္ဂလိပ်စာ စာမေးပွဲများဖြစ်သော IEL. Ts, GRE နှင့် TOEFL ဖြေဆိုရန် ကြိုးစားနေသော အလားတူကျောင်းသားများ အတွက်လည်း လေ့ကျင့်ခန်းများ ထည့်သွင်းပေးထားသည်။

ယနေ့ ထွက်ရှိသော DEFINED: Mobile နှင့် Messx application များသည် ယူနီကုတ်ကွန်ဆိုတီယံမှ မကြာခင်က အတည်ပြုပေးခဲ့သော မြန်မာဘာသာအတွက် ယူနီကုတ်စံသတ်မှတ်ချက် ၅ ဒသမ ၁ ကို လိုက်နာသော မည်သည့်ယူနီကုတ်စာလုံးများနှင့်မဆို တွဲဖက်အသုံးပြုနိုင်သည်။

အဆိုပါ မိုဘိုင်းလ် application နှစ်မျိုးစလုံးကို Technomation Studios မှ ထုတ်လုပ်ပြီး A&T International Co., Ltd (Pace Computer System)အမှတ် ၁၄၉ ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန် ဖုန်း-၃၈၀၈၅၄၊ ၃၉၂၁၅၂ မှ မြန်မာနိုင်ငံတစ်ဝန်းနှင့် နိုင်ငံတကာဈေးကွက်သို့ ဖြန့်ချိရောင်းချမည် ဖြစ်သည်။ အဆိုပါ မိုဘိုင်းလ် applicationနှစ်မျိုးစလုံးကို ယနေ့မှစ၍ ရန်ကုန်မြို့နှင့်တကွ တစ်နိုင်ငံလုံးရှိ မိုဘိုင်းလ် အရောင်းကိုယ်စားလှယ်များထံတွင်လည်းကောင်း၊ အင်တာနက်မှလည်း www.messx.net နှင့် www. defined ygn. cc တို့တွင် ဝင်ရောက်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုဘိုင်းလ် တယ်လီဖုန်းများတွင် အသုံးပြုနိုင်သော ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာမိုဘိုင်းလ် အဘိဓာန်(DEFINED:Mobile)နှင့် မိုဘိုင်းလ် တယ်လီဖုန်းတစ်လုံးကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်သော Messx စသည့် မိုဘိုင်းလ် application များ စတင်ထုတ်လုပ်ရောင်းချခြင်းနှင့် အရောင်းကိုယ်စားလှယ်များ ခန့်အပ်ခြင်းအခမ်းအနားကို ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။
(သတင်းစဉ်)

၂၀၀၇ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၀၇ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲ ၂နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဇနီးများ၊ တပ်နယ်မှ တပ်ရင်း/ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အသင်းအုပ်ချုပ်သူအရာရှိများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ပြီး တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် တိုင်း၊တပ်မ၊ဌာနချုပ် ကိုယ်စားပြု အမျိုးသား ၂၅သင်း၊ အမျိုးသမီး ၁၂သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ပြည်ထောင်စုမောင်မယ်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၈ ခုနှစ် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ရက်က ရန်ကုန်မြို့ အောင်ဆန်းကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ကာယအလှမယ်ပြိုင်ပွဲတွင် ၅ပေ ၃လက်မအောက် အငယ်တန်း၌ အေးကုဋေကျော်က လည်းကောင်း၊ အကြီးတန်းတွင် စန်းစန်းဝင်းက လည်းကောင်း၊ ၅ပေ ၃လက်မအထက် အငယ်တန်းတွင် အေးထွင့်သိမ့်နှင့် အကြီးတန်းတွင် ငြိမ်းအေးယဉ်ကလည်းကောင်း၊ အလွတ်တန်းတွင် ခင်စန္ဒာမြင့်ကလည်းကောင်း ပထမရရှိကြသည်။ ကာယအလှမယ်ပြိုင်ပွဲ၌ ပထမဆုခြောက်ကြိမ်ရရှိသော ဟေမာစိုးဝင်းနှင့် ပထမဆု ငါးကြိမ်ရရှိသော ငြိမ်းအေးယဉ်တို့ကို အထူးဆုများချီးမြှင့်သည်။

ကာယဗလပြည်ထောင်စုမောင်အဖြစ် ကျော်ဇေယျက ပထမရရှိပြီး မိုးဆွေနှင့်ခင်ဦးတို့က ဒုတိယနှင့် တတိယဆုများ ရရှိကြသည်။ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ဦးငယ်လေး အကယ်ဒမီကုမ္ပဏီလီမိတက် (ရန်ကုန်ဂျစ်ကားထုတ်လုပ်ရေး)နှင့် LYNX Trading Co., Ltd. (GLILEO-CNG) လုပ်ငန်းတို့မှ ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

၂၀၀၈ခုနှစ် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် အကြီးတန်းတွင် ပထမဆုရရှိသော စန်းစန်းဝင်းအား ဆုနှင့်အတူ တွေ့ရစဉ်။
(ကြေးမုံ)

၂၀၀၈ခုနှစ် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ကာယအလှမယ်ပြိုင်ပွဲ ၅ပေ ၃လက်မအောက် အငယ်တန်း၌ ပထမဆုရရှိသော အေးကုဋေကျော်အား ဆုနှင့်အတူ တွေ့ရစဉ်။
(ကြေးမုံ)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ နှင့် စာပေ၊ဂီတ၊ရုပ်ရှင်၊သဘင်၊အားကစား၊လူမှုရေးကဏ္ဍများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိမင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အသင်းဝင်များ၊ ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ခရမ်းမြို့နယ်နှင့် ရန်ကုန်ရောက် ခရမ်းသူ၊ ခရမ်းသားများ၏ သားသမီးကျောင်းသား၊ကျောင်းသူများ၊ ၂၀၀၆-၂၀၀၇ခုနှစ် နိုင်ငံတော်ကချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ်များ၊ စာပေ၊ဂီတ၊ရုပ်ရှင်၊သဘင်၊အားကစား၊လူမှုရေး၊ကျန်းမာရေးကဏ္ဍတို့တွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများ တက်ရောက်ကြပါရန်နှင့် မွန်းလွဲ ၁နာရီ အရောက်ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတ္တမအကြိမ် ရွှေညဝါသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာခုပရိယတ္တိစာသင်တိုက်၌ သတ္တမအကြိမ် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါ ဆရာဖြစ်သင်တန်းတို့ကို ဧပြီ ၂၄ ရက်မှ ဇွန် ၃ရက်အထိ ရက်ပေါင်း ၄၀ တိုင်တိုင် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော သံဃာတော်များသည် ကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဖုန်း ၀၁-၅၁၀၅၆၆ သို့ ဆက်သွယ်နိုင်ပြီး ဝင်ခွင့်လျှောက်လွှာများကို ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား ထုတ်ယူနိုင်ကြောင်း သိရှိရသည်။

(က-ပ)

ကြေးမုံ The Mirror ကမ္ဘာတစ်လွှား ထူးထူးခြားခြား စွမ်းဆောင်သူများ

ကားမောင်းကျွမ်းကျင်မှု စွမ်းရည်ပြ

အမေရိကန်နိုင်ငံ ဒါလင်တန်မြို့မှ စတန့်ယာဉ်မောင်း ရပ်စ်ဆွစ်ဖ်ဆိုသူသည် ၁၉၉၉ခုနှစ် ဧပြီ ၁၇ရက်က လန်ဆက်စတာရှိုင်းယားတွင် မော်တော်ယာဉ်ကျွမ်းကျင်မှုစွမ်းရည်တစ်ရပ်ပြသခဲ့သည်။ ၎င်းသည် မိမိမောင်းသည့်ကားထက် အလျား ၁၃လက်မ ပိုကျယ်သော ရပ်ထားသည့် ကားနှစ်စီးကြားရှိ ယာဉ်ရပ်နားရာ နေရာကျဉ်းကျဉ်းကလေးအတွင်းသို့ မည်သည့်ကားကိုမျှမထိစေဘဲ အရှိန်ဖြင့်မောင်းဝင် ရပ်နားနိုင်ခဲ့ပြီး မှတ်တမ်းတင်ခဲ့သည်။ **(ယာဘက်ပုံများ)**

ကမ္ဘာ့အနောက်ဘက်တစ်လွှား အမြန်ဆုံးရွက်လွှင့်ခဲ့သူ အမျိုးသား

ပြင်သစ်နိုင်ငံသား ဂျင်းလုဒင်န်ဟိဒ်ဆိုသူသည် အထောက်အကူပြုမှုမပါဘဲ တစ်ဦးတည်း အက်ဒ်ရီယန်ရွက်လှေဖြင့် **(အပေါ်ပုံ)** ကမ္ဘာ့အနောက်ဘက်တစ်လွှားသို့ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၇ရက်မှစတင်၍ မရပ်မနားရွက်လွှင့်သွားခဲ့ရာ ၂၀၀၄ခုနှစ် မတ် ၉ ရက်တွင် ခရီးစဉ်အဆုံးသို့ အောင်မြင်စွာရောက်ရှိခဲ့သည်။ စုစုပေါင်း ၁၂၂ရက်၊ ၁၄နာရီ၊ ၃မိနစ်နှင့် ၄၉စက္ကန့်ကြာခဲ့သည်ဟု ဆိုသည်။

ကမ္ဘာ့အနောက်တစ်လွှား အမြန်ဆုံး ရွက်လွှင့်ခဲ့သူအမျိုးသမီး

ယူနိုက်တက် ကင်းဒမ်းမှ ဒီးကက်ဖ်ဖာရီဆိုသူအမျိုးသမီးသည် အထောက်အကူမပါဘဲ တစ်ဦးတည်း အေဗီဗာအမည်ရှိ ၇၂ပေရှည် ရွက်လှေတစ်စင်းဖြင့် ကမ္ဘာ့အနောက်ဘက်တစ်လွှားသို့ ၂၀၀၅ခုနှစ် နိုဝင်ဘာ ၂၀ရက်မှ ၂၀၀၆ခုနှစ် မေ ၁၈ ရက်အထိ စုစုပေါင်း ၁၇၈ရက်၊ ၃နာရီ၊ ၅မိနစ်နှင့် ၃၄စက္ကန့်ကြာ ရွက်လွှင့်ကာ စံချိန်တင်ခဲ့သည်။ **(ဝဲပုံ)**

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ ဥရုတံတားဖွင့် ဒေသတွင်းရှိ မြို့ရွာများသို့ အချိန်တိုအတွင်း လွယ်ကူစွာသွားလာနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၁၁)က တာဝန်ယူ၍ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မိုင်တိုင်အမှတ် (၁၈၆/၀)၌ ဥရုမြစ်ကိုဖြတ်၍တည်ဆောက်ပြီးစီးသည့် ဥရုတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးကအမှာစကားပြောကြားရာတွင် ယခုဥရုမြစ်ကူးတံတား တည်ဆောက်ပြီးစီးခြင်းကြောင့် ဒေသအတွင်း ဖောက်လုပ်ထားသည့် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းအတိုင်း ယင်းတံတားမှဖြတ်ပြီး နန့်တော-ရွှေတွင်းလမ်းကြောင်းမှ စစ်ကိုင်းတိုင်းနှင့် ဆက်စပ်သည့် ကချင်ပြည်နယ်သို့လည်းကောင်း၊ ရွှေဘိုခရိုင်နှင့် ဆက်စပ်လမ်းပိုင်းဖြစ်သည့် ရေဦး-တန့်ဆည်-သက္ကယ်ကျင်း-ဖောင်းပြင်-နောင်ပိုအောင်လမ်း၊ ကသာခရိုင်နှင့် ဆက်စပ်လျက်ရှိသည့် ဝန်းသို-ပင်လည်ဘူး-ဖောင်းပြင်-နောင်ပိုအောင်လမ်းတို့မှ ယခုဥရုမြစ်ကူးတံတားကိုဖြတ်သန်း၍ ခန္တီး-လဟယ်ဒေသတွင်းရှိ မြို့၊ ရွာများသို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨

အင်တီရီထရိုဗိုင်ရယ်ဆေးစားခြင်းဖြင့် နို့တိုက်မိခင်မှ ကလေးသို့ အိတ်ဒ်စ်ရောဂါကူးနှုန်းလျော့ချနိုင်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၁

ကလေးမီးဖွားပြီးနောက် မိခင်နှင့်ကလေးနှစ်ဦးစလုံး အင်တီရီထရိုဗိုင်ရယ်ဆေးဝါးများ လအတော်ကြာအောင် ဆက်လက်သောက်သုံးစေခြင်းသည် မိခင်နို့ တိုက်ကျွေးနေခြင်းကြောင့် ရင်သွေးငယ်သို့ အေအိုင်ဒီအက်စ်ရောဂါပိုး ကူးစက်နိုင်သည့်အန္တရာယ်ကို လျော့ချပေးနိုင်ကြောင်း နောက်ဆုံးသုတေသနလေ့လာချက်အရ သိရှိရသည်။

အိတ်ချ်အိုင်ဗွီရောဂါရှိသူမိခင်အနေဖြင့် ကလေးကိုနို့ချိုတိုက်ကျွေးနေပါက မိခင်မှတစ်ဆင့် ရင်သွေးငယ်ထံသို့ ရောဂါပိုးကူးစက်နိုင်ရန် အလားအလာ ၁၅ရာခိုင်နှုန်း ရှိသည်ဟုဆိုသည်။ သို့သော် အိတ်ဒ်စ်ရောဂါကုဆေးဝါးကို ကာလရှည်ကြာစွာသောက်သုံးနေပါက မိခင်မှကလေးသို့ ရောဂါကူးစက်နိုင်သောနှုန်းထားကို ထက်ဝက်အထိလျော့ချပေးနိုင်သည်ဟုဆိုသည်။

ထိုတွေ့ရှိချက်ကို ဘော့စတွန်မြို့၌ပြုလုပ်သည့် ရီထရိုဗိုင်ရယ်ဆေးဝါးများအသုံးပြုခြင်းနှင့် ရောဂါကူးစက်မှု အခြေအနေဆွေးနွေးပွဲကွန်ဖရင့်၌ တင်ပြသွားခြင်းဖြစ်သည်။

မာလာဝီနိုင်ငံ၌ပြုလုပ်ခဲ့သော သုတေသနပြုချက်အရ မွေးစအချိန်မှ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

ရှေ့ကြေးမုံ The Mirror (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

☆ မြင့်ဝေလှိုင်၏ "ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်ခိုင်မာ ညီညာသယ်ပိုး အလှတိုး ဖွံ့ဖြိုးဝေဆာ ပြည်မြန်မာ" (ဆောင်းပါး) — အထူးထုတ်(ဃ)

☆ ခွန်ရဲသွေး(အေးသာယာ)၏ "ဒို့တိုင်း ဒို့ပြည် ဒို့ချစ်သည်" (ကဗျာ) — အထူးထုတ်(ဂ)

☆ သူရအောင်(ဥပဒေ)၏ "ပင်လုံသစ္စာ" (ကဗျာ) — စာမျက်နှာ-၃

☆ ဇော်ဇော်၏ "ခေတ်သစ်ကိုလိုနီ နယ်ချဲ့ဝါဒ" (ကာတွန်း) — စာမျက်နှာ-၃

☆ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ် (ဓာတ်ပုံမှတ်တမ်း) — စာမျက်နှာ-၇

ရှေ့ကြေးမုံ The Mirror သတင်းအညွှန်း

ဆိုးလ်မြို့လယ်ရှိ သမိုင်းဝင်မုခ်ဦးကြီး မီးလောင်ပျက်စီး သတင်းအပါအဝင် တီမောကင်ညာ၊ အမေရိကန်နှင့် နိုင်ငံတကာသတင်းများ — စာမျက်နှာ-၄၊ ၅

အမှောင်ခွင်း၍ အလင်းဆောင်ပေးနေသော ကြည့်မြင်တိုင်မြို့နယ်မှ မျက်မမြင်ကျောင်း — စာမျက်နှာ-၆

ရောင်စုံအချပ်ပို လေးမျက်နှာ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ပြည်ထောင်စုနေ့ အထူးထုတ်ရောင်စုံအချပ်ပို လေးမျက်နှာပါရှိပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား